မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်၊ ၂၀၁၀ ခုနှစ်၊ ဧပြီ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၉၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကျင်းပ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်အားပေး

နေပြည်တော် ဧပြီ ၁၃

၁၃၇၁ ခုနှစ် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်အားပေးသည်။

တက်ရောက်

အဆိုပါ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ စာရင်းစစ်ချုပ်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်မြို့တော်ဝန်နှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ *စာမျက်နှာ ၃ ကော်လံ ၁* ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးစဉ်။
(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မဟာသင်္ကြန်အကြိုနေ့တွင်
နိုင်ငံတစ်ဝန်း ကုသိုလ်ပုည ဆည်းပူးကြသူများနှင့် သင်္ကြန်ပွဲ ဆင်နွှဲသူများဖြင့် စည်ကား

နေပြည်တော် ဧပြီ ၁၃

ယနေ့သည် မြန်မာနှစ်ကောဇာသက္ကရာဇ် ၁၃၇၁ ခုနှစ် မဟာသင်္ကြန်ကာလ၏အဦးအစ သင်္ကြန်အကြိုနေ့ဖြစ်သည်။

မဟာသင်္ကြန်

"မဟာသင်္ကြန်"ဟူသော ဝေါဟာရကို ကူးပြောင်းခြင်း၊ ပြောင်းရွှေ့ခြင်းဟူသော အနက်ကိုဆောင်သည့် "သင်္ကန္တ"ဟူသော သက္ကတ ဘာသာစကားနှင့် "သင်္ကန္တ" ဟူသော ပါဠိဘာသာစကားတို့မှ ဆင်းသက်လာသော ဝေါဟာရဖြစ်သည်။ နာရီမှရက်၊ ရက်မှလ၊ လမှနှစ်သို့ ကူးပြောင်းခြင်းကို စူဠသင်္ကြန်ဟုခေါ်ဆိုပြီး တစ်နှစ်မှ တစ်နှစ်သို့ကူးပြောင်းခြင်း၊ မိန်ရာသီကုန်ဆုံး၍ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ်ကူးပြောင်းခြင်းကို "မဟာသင်္ကြန်"ဟု ခေါ်သည်။

ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော မြန်မာတို့သည် မဟာသင်္ကြန်ကာလတွင် ကုန်ဆုံးခဲ့သည့် နှစ်ဟောင်း၏ကောင်းမှု၊ မကောင်းမှုတို့ကို ပြန်လည်ဆင်ခြင်သုံးသပ်၍ လာမည့်နှစ်သစ်တွင် *စာမျက်နှာ ၃ ကော်လံ ၁* ●

14-4 (01).pmd 1 4/14/2010, 2:17 AM

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဧပြီ ၁၄ ရက်)

ရိုးရာသင်္ကြန်၊ ယဉ်ကျေးသင်္ကြန်၊ နှစ်ဦးအကြိုသင်္ကြန် ပျော်ရွှင်စွာဆင်နွှဲ

၁၃၇၁ခုနှစ် ကဆုန်လဆန်း ၂ရက် (ယနေ့) သည် မဟာသင်္ကြန်အကျနေ့ဖြစ်သည်။

သင်္ကြန်ကာလအတွင်း ပြည်သူများပျော်ရွှင်စွာဖြင့် ရေပက်ဖျန်းကစားခြင်း၊ ရေပက်ခံထွက်ခြင်း၊ လှည့်လည်ကြည့်ရှုခြင်းတို့ကို လူကြီးလူငယ် အရွယ်မရွေး ရွှင်မြူးတက်ကြွစွာ ပါဝင်ဆင်နွှဲလျက်ရှိကြသည်။

မဟာသင်္ကြန်ပွဲတော်ရက်အတွင်း တိုင်းရင်းသားပြည်သူများအနေဖြင့် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းချိန်အခါသမယ၌ ယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် နှိုးဆော်ချက်များ၊ သတိပြုရန်အချက်များ ထုတ်ပြန်ထားသည်။

အထူးသဖြင့် သင်္ကြန်ကာလ ရေပက်ကစားကြသူများသည် မော်တော်ယာဉ်များဖြင့် ရေပက်ခံထွက်ကြရာတွင် ယာဉ်တိုက်မှု၊ မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုများမရှိရန် သတိပြုဆင်ခြင် မောင်းနှင်ကြရမည်ဖြစ်သည်။

ပြည်သူများ လုံခြုံဘေးကင်းပျော်ရွှင်စွာသွားလာနိုင်ရေးအတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက သတိပေးနှိုးဆော်ချက် များထုတ်ပြန်ထားရာ ယာဉ်မောင်းသူများက သတိပြုလိုက်နာကြရမည်ဖြစ်သည်။

သင်္ကြန်ကာလအတွင်း အပျော်လွန်ကြူး၍စည်းကမ်းမဲ့မောင်းနှင်ခြင်း၊ မော်တော်ယာဉ်များ အိတ်ဇောပိုက်ဖြုတ်၍မောင်းနှင်ခြင်း၊ ယာဉ်၏ ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍မောင်းနှင်ခြင်းများ၊ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများ၊ ပြုပြင်ဆဲယာဉ်များကို မောင်းနှင်ခြင်း တို့ကို ရှောင်ကြဉ်ရမည်ဖြစ်သည်။

အထူးသဖြင့် မူးယစ်သောက်စားပြီး မောင်းနှင်ခြင်းမပြုရန် အရေးကြီးသည်။ သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများ အရက်သေစာ သောက်စားမောင်းနှင်ခြင်း ရှိမရှိကို အရက်မူးတိုင်းကိရိယာဖြင့် တိုင်းတာစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်မောင်းသူများအားလုံးသည် သတ်မှတ်စည်းကမ်းများကို တိကျစွာလိုက်နာမောင်းနှင်ပြီး ခရီးသွားပြည်သူများအပိုင်းကလည်း လမ်း စည်းကမ်းကို လိုက်နာသွားမည်ဆိုပါက သင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ် ကင်းရှင်းစွာဖြင့် အတာသင်္ကြန်ပွဲ ဆင်နွှဲနိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ပေရာ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရေကစားသူများအားလုံးသည် ပျော်ရွှင်စွာဖြင့် ရေကစားနိုင်ကြရန် သက်ဆိုင်ရာက ထုတ်ပြန်ထားသော နှိုးဆော်ချက်များ၊ သတိပေးတားမြစ်ချက်များကို ဂရုပြုလိုက်နာကြခြင်းဖြင့် နှစ်သစ်ဦးအကြို ရိုးရာအစဉ်အလာမပျက် ယဉ်ကျေး သိမ်မွေ့စွာ ဆင်နွှဲနိုင်ကြမည်ဖြစ်ပါကြောင်း။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ၌ အောင်မြင်မှုရရှိရေး စီမံချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် ဧပြီ ၁၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဧပြီ ၁၀ရက် နံနက် ၁၁နာရီက ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနရုံး၌ ပြည်နယ်အတွင်းရှိ အားကစားဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲများ၌ အောင်မြင်မှု ရရှိရေးအတွက် လူရွေးချယ်ရေးစီမံချက်၊ လေ့ကျင့်ရေးစီမံချက်နှင့် အောင်နိုင်ရေးစီမံချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် သွေးသစ်အားကစားသမားများ ရှာဖွေစုဆောင်း ဖော်ထုတ်ရေးတို့ကို ရှင်းလင်းမှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးသည် ဝေသာလီအားကစားကွင်းနှင့် အားကစားရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ယင်းနောက် ဝန်ကြီးသည် မွန်းလွဲ ၁နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည့် အားကစားပစ္စည်း ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်တွေမြို့ရှိ တက္ကသိုလ်များ၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် ပြည်နယ်အတွင်းရှိ မြို့နယ်များအတွက် အားကစားပစ္စည်းများကို လည်းကောင်း၊ လူငယ် ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်နေသော အားကစားသမားများနှင့် နည်းပြများအတွက် အားကစားပစ္စည်းနှင့် ပံ့ပိုးငွေ များကို လည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုအားပေး

ဝန်ကြီးသည် ဧပြီ ၁၁ရက် နံနက် ၈နာရီက စစ်တွေမြို့ ဓညဝတီအားကစားကွင်းနှင့် အားကစားရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး တင်းနစ်ကွင်း၌ တင်းနစ်အားကစားလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် အိုလံပစ်အားကစား ကာယဗလနှင့် အလေးမအသင်းသို့ သွားရောက်၍ Universal Mechaning ပေးအပ် လှူဒါန်းပြီး အားကစားလေ့ကျင့်နေသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ချင်းတွင်းလမ်းနေ ဗိုလ်မှူးချုပ်မြင့်သိန်း-ဒေါ်မြသန်း၊ သားသမီးမြေးမြစ်တစ်စုတို့က လေးထပ် ဘိုးဘွားဆောင်သစ် ဆွမ်း၊ ဆေးပဒေသာပင်နှင့် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မျိုးမြတ်မြန်မာ စာကြည့်တိုက် အဆောက်အအုံသစ် ပန္နက်တင်

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ် ၁၈ရပ်ကွက် မျိုးမြတ်မြန်မာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို မတ် ၂၄ရက် နံနက် ၈နာရီခွဲက အောင်ဆန်းသူရိယလမ်းရှိ မြေနေရာ၌ ကျင်းပရာ မြို့နယ်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညီညီလွင်၊ မြို့နယ်အတွင်းရေးမှူး ဦးအေးမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းအေးနှင့် အမှတ် ၁၈ရပ်ကွက် စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီ နာယက ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်ထွန်းဦး တို့က အဆောက်အအုံသစ်ကို ပန္နက်တင် ပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၄-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **အာသဝက္ခယ်မှ နိဗ္ဗာန်ရ** တရားတော် (ဆရာတော်အရှင်ဇနိတာလင်္ကာရ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၈၀)
၈:၃၀ Sports World (Glitch)
၈:၅၅ ၂၀၁၀သင်္ကြန်အကြိုနေ့မြင်ကွင်း
၉:၁၀ ခါသင်္ကြန်အဆိုအက
၉:၂၀ လတန်ခူးပေမို့ (ရုပ်မြင်သရုပ်ဆောင်များ)
၉:၄၅ အားကစားမြင်ကွင်းစုံ (ဦးဖေသိန်း၊ မြတ်သူရ၊ သော်မောင်မောင်)
၁၀:၃၀ လရောင်အေးထဲက... လေးနက်သောအိပ်မက်များ
၁၀:၄၅ ဓာတ်ပုံထဲမှ အမှတ်တရများ (သရုပ်ဆောင် ရိုတနှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၁:၁၅ Industrial Talk [ဒေါက်တာအောင်ဇော်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၁၁:၄၅ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး (အပိုင်း-၁) ပါမောက္ခဒေါက်တာ ချယ်ရီသန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်းနီ
၁၂:၁၀ OK Myanmar ရဲ့ Dealer Awards 2010 ဆုပေးပွဲကြီး
၁၂:၃၅ ခါသင်္ကြန်အဆိုအက
၁:၀၀ **အာသဝက္ခယ်မှ နိဗ္ဗာန်ရ** တရားတော် (ဆရာတော်အရှင်ဇနိတာလင်္ကာရ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ စကားနပန်း စိတ်ကူးယဉ်တာကောင်းတယ်၊ စိတ်ကူးမယဉ်တာကောင်းတယ်
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၈၀)
၄:၁၀ ခါသင်္ကြန်အဆိုအက
၄:၃၅ လရောင်အေးထဲက... လေးနက်သောအိပ်မက်များ
၄:၅၀ OK Myanmar ရဲ့ Dealer Awards 2010 ဆုပေးပွဲကြီး
၅:၁၅ ခါသင်္ကြန်အဆိုအက
၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ ဓာတ်ပုံထဲမှ အမှတ်တရများ (သရုပ်ဆောင် ရိုတနှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
၆:၄၅ မမများအဖွဲ့၏ သင်္ကြန်အက ကြိုတင်လေ့ကျင့်နေမှုများ
၇:၀၀ ခေတ်ပြိုင် ဂီတမှတ်တိုင်များ (ကေဂျာနူး)
၇:၃၅ ၂၀၁၀သင်္ကြန်အကျနေ့မြင်ကွင်း
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း စိတ်ကူးယဉ်တာကောင်းတယ်၊ စိတ်ကူးမယဉ်တာကောင်းတယ်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၈၀)
၁၀:၀၀ ခါသင်္ကြန်အဆိုအက
၁၀:၂၀ ဗီဒီယိုပြခန်း
၁၀:၄၀ ခေတ်ပြိုင် ဂီတမှတ်တိုင်များ (ကေဂျာနူး)
၁၁:၁၅ Eternal Festival (အပိုင်း-၂)
၁၁:၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၂:၀၅ ကမ္ဘာ့စုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်းများ
၁:၁၀	Aston Villa - Everton	Star Sports (Live) MRTV-4 (Live)
၁:၂၄	Tottenham - Arsenal	ESPN(Live)

■ *ရှေ့ဖုံးမှ*

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့်ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ ကုမ္ပဏီများနှင့် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှ ပြိုင်ပွဲဝင်ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် သင်္ကြန်ချစ်သူ ပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ နယ်စပ်ဒေသ၊ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် မဏ္ဍပ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တေးသံရှင်ဦးရဲထိုက်က ယဉ်ကျေးမှုဝန်ကြီးဌာနမှ တီးဝိုင်းဖြင့် တွဲဖက်၍ **“မြူမှောင်ဝေကင်း”**တေးသီချင်း သီဆိုပြီး ယိမ်းအကအဖွဲ့များက ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြိုင်ပွဲဝင် ယိမ်းအကဖွဲ့များက သင်္ကြန်သီချင်းများဖြင့် ကကြိုး ကကွက်စုံလင်စွာ ကပြဖျော်ဖြေတင်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သီဆိုကပြ

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကပြဖျော်ဖြေတင်ဆက်ကြသည့် ယိမ်းအကအဖွဲ့ဝင်များအား အတာသင်္ကြန်ရေဖြင့် ပက်ဖျန်းကြပြီး ဖျော်ဖြေတင်ဆက်မှု အစီအစဉ်များကို ကြည့်ရှုအားပေးကြရာ သရုပ်ဆောင်ရဝေအောင်က **“ရှာပုံတော်မင်းသားကြီး”**သီချင်းကို သီဆို၍ သရုပ်ဆောင် အကယ်ဒမီမေသန်းနုက အကဖြင့်လည်းကောင်း၊ ACE ကုမ္ပဏီမှ ယိမ်းအကအဖွဲ့က**“သင်္ကြန်မိုးရေတန်ခူးလေ”** သီချင်းဖြင့်လည်းကောင်း၊ သရုပ်ဆောင်အကယ်ဒမီချိုပြုံးက **“မန်းမြို့သူဇာမေ”** သီချင်းကို သီဆိုပြီး သရုပ်ဆောင် မေဟသ်ာက အကဖြင့်လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ယိမ်းအကအဖွဲ့က **“ပြည်ထောင်စုကြီးအေးချမ်းပါစေ”** သီချင်းဖြင့်လည်းကောင်း၊ သရုပ်ဆောင် အကယ်ဒမီမျိုးသန္တာထွန်းက **“သင်္ကြန်မိုး”** သီချင်းကိုသီဆိုပြီး သရုပ်ဆောင်သန္တာဘိုက အကဖြင့်လည်းကောင်း၊ Mount Pleasant Hotel မှ ယိမ်းအကအဖွဲ့က **“ယဉ်ကျေးတဲ့ပွဲ”** သီချင်းဖြင့်လည်းကောင်း၊ သရုပ်ဆောင် အကယ်ဒမီမေသန်းနုက **“ညိုမြ”** သီချင်းကို သီဆို၍ သရုပ်ဆောင် ဖူးဖူးမောင်က အကဖြင့်လည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ယိမ်းအကအဖွဲ့က **“ရက်မြတ်မင်္ဂလာ”** သီချင်းဖြင့်လည်းကောင်း၊ သရုပ်ဆောင် အကယ်ဒမီရဲအောင်က **“နွေမ”** သီချင်းကိုသီဆို၍ သရုပ်ဆောင် အကယ်ဒမီမို့မို့မြင့်အောင်က အကဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ယိမ်းအကအဖွဲ့က **“မြူမှောင်ဝေကင်း”** သီချင်းဖြင့်လည်းကောင်း၊ တေးသံရှင် ငြိမ်းငြိမ်းအိက **“နုနုငယ်ငယ်”** သီချင်းကို သီဆို၍ သရုပ်ဆောင်မေဟသ်ာက အကဖြင့်လည်းကောင်း၊ ရွှေနန်းတော်ဟိုတယ် ယိမ်းအကအဖွဲ့က **“သင်္ကြန်မိုး”** သီချင်းဖြင့်လည်းကောင်း၊ တေးသံရှင် ငယ်ငယ်က **“ချမ်းတုန်ချမ်း”** သီချင်းကိုသီဆို၍ သရုပ်ဆောင် ဖူးဖူးမောင်က ကပြ၍လည်းကောင်း၊ ရွှေတောင်ဖွံ့ဖြိုးရေး ကုမ္ပဏီ ယိမ်းအကအဖွဲ့က **“ပိတောက်မမ”** သီချင်းဖြင့်လည်းကောင်း၊ တေးသံရှင် ကြိုးကြာက **“နွေဦးကဗျာ”**သီချင်းကို သီဆို၍ သရုပ်ဆောင် သန္တာဘိုက အကဖြင့်လည်းကောင်း၊ A1 ကုမ္ပဏီ လီမိတက်မှ ယိမ်းအကအဖွဲ့က **“နွေမ”** သီချင်းဖြင့်လည်းကောင်း၊ သရုပ်ဆောင် ရဝေအောင်က

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ကပြဖျော်ဖြေကြသည့် ယိမ်းအကအဖွဲ့ဝင်များအား အတာသင်္ကြန်ရေဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

“မမကိုယ်တိုင်က”သီချင်းကိုသီဆို၍ သရုပ်ဆောင် အကယ်ဒမီမျိုးသန္တာထွန်းက အကဖြင့်လည်းကောင်း၊ T2T ကုမ္ပဏီလီမိတက် ယိမ်းအကအဖွဲ့က **“တောင်းဆုပန်ခြွေ”** သီချင်းဖြင့်လည်းကောင်း၊ တေးသံရှင် ချိုပြုံးက **“ရွှေမန်းမာလာ”** သီချင်းကို သီဆို၍ သရုပ်ဆောင် ဟန်နွေငြိမ်းက အကဖြင့်လည်းကောင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ယိမ်းအကအဖွဲ့က **“သင်္ကြန်မိုးရေတန်ခူးလေ”** သီချင်းဖြင့်လည်းကောင်း၊ သရုပ်ဆောင် နဝရတ်က **“မမကိုယ်တိုင်က”** သီချင်းကို သီဆို၍ အကယ်ဒမီခင်စိုးပိုင်၊ အကယ်ဒမီခင်မို့မို့အေး၊ သရုပ်ဆောင် သင်္ဂီထွန်းနှင့် သရုပ်ဆောင်ဝါဝါအောင်တို့က အကများဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ယိမ်းအကအဖွဲ့က **“ပိတောက်တစ်မျက်နှာ”** သီချင်းဖြင့်လည်းကောင်း၊ မမများအဖွဲ့က **“မမတို့သင်္ကြန်”** သီချင်းဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ယိမ်းအကအဖွဲ့က **“မူရာကြော့”** သီချင်းဖြင့်လည်းကောင်း၊ ACE ကုမ္ပဏီလီမိတက် ယိမ်းအကဖွဲ့က **“ယဉ်ကျေးသင်္ကြန် မြန်မာ့ဟန်”** သီချင်းဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေ တင်ဆက်ကြသည်။ **(သတင်းစဉ်)**

မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ

၁၃၇၁ခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ကောင်းမှုကုသိုလ်တရားများ တိုးပွားစေရေး၊ မကောင်းမှု အကုသိုလ်တရားများ ကင်းပစေရေးတို့ကို ဦးတည်ချက်ထားကာ မေတ္တာဖြင့် တစ်ဦးနှင့်တစ်ဦး အတာရေပက်ဖျန်းကြသည်။ ရေ၏သဘောမှာ ရေကိုသားသော် အကြားမထင်ဆိုသော စကားနှင့်အညီ မပြိုမကွဲ တစ်သားတည်းရှိသောသဘော၊ အညစ်အကြေးတို့ကို စင်ကြယ်အောင် ဆေးကြောနိုင်သောသဘော၊ ကြည်လင်အေးမြစေသော သဘောတို့ကို ဆောင်သည်ဖြစ်၍ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အတာရေပက်ဖျန်းကြခြင်းမှာ မပြိုမကွဲ တစ်သားတည်း ချစ်ခြင်းမေတ္တာ၊ မကောင်းသော ပါပအညစ်အကြေးတို့ စင်ကြယ်စေလိုသော ကရုဏာ၊ ကြည်လင်အေးမြမှုကို ခံစားရသဖြင့် ဝမ်းမြောက်မှု မုဒိတာ စသည့် ကုသိုလ်တရားများ ပွားများစေသည့် မဟာသင်္ကြန်ကာလ မြန်မာတို့၏ကောင်းမှု ပွဲတော်ပင်ဖြစ်သည်။

စည်ကား

ထိုသို့ကုသိုလ်ကောင်းမှု တရားများရရှိစေမည့် မဟာသင်္ကြန်ပွဲတော်၏ အကြိုနေ့မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ ဘုရား၊ ကျောင်း၊ ကန်၊ စေတီပုထိုးများတွင် ကုသိုလ်ပုညဆည်းပူးကြသူများ၊ ဒါန၊ သီလ၊ ဘာဝနာပွားများကြသူများဖြင့် စည်ကားလျက်ရှိသည်။

နေပြည်တော်ပျဉ်းမနား ဗိုလ်ချုပ်လမ်းတစ်လျှောက်၊ နေပြည်တော်လယ်ဝေး ရန်ကုန် - မန္တလေး ကားလမ်းမကြီးတစ်လျှောက်နှင့် နေပြည်တော်တပ်ကုန်းရှိ လမ်းများ၌ မဟာသင်္ကြန်ရေကစားမဏ္ဍပ်များဆောက်လုပ်၍ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူပင် နေပြည်တော်ဥတ္တရသီရိမြို့နှင့် ပုဗ္ဗသီရိမြို့တို့၌လည်း ရေကစားမဏ္ဍပ်များဆောက်လုပ်၍ ရေကစားကြသူများ၊ အပေါင်းအဖွဲ့ဖြင့် ခြေကျင်လျှောက်ရေပက်ခံ ရေကစားကြသူများ၊ စတုဒိသာမဏ္ဍပ်များ ဆောက်လုပ်၍ အာဟာရဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

အားပေး

ပထမအကြိမ် ကျင်းပသော ၂၀၁၀ ခုနှစ် နေပြည်တော်မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲရန် နေပြည်တော်ဟိုတယ်ဇုန်၌ ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားများကို ယနေ့နံနက် စနာရီမှစတင်၍ နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များ၏ ရှေ့မျက်နှာစာ ရေသဘင်မဏ္ဍပ်များ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့ တက်ရောက်အားပေးကြပြီး ရေသဘင်မဏ္ဍပ်များကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားများသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုမ္ပဏီနှင့်ဟိုတယ်များမှတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်္ကြန်ရေကစားမည့် ပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အမရာဟိုတယ်ရှေ့မျက်နှာစာရှိ မိသားစုမဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးကြီးတင်ငွေနှင့် ဗိုလ်မှူးချုပ်သန်းငွေ၊ အမရာဟိုတယ်အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းဝင်းဆွေတို့က အမရာဟိုတယ် ရေသဘင်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမရာဟိုတယ်မိသားစုသင်္ကြန်ယိမ်းအဖွဲ့က မြန်မာ့ရိုးရာ အတာသင်္ကြန်ယိမ်းအကဖြင့် ကပြဖျော်ဖြေပြီး တေးသံရှင်များနှင့် အနုပညာရှင်များက မြန်မာ့ရိုးရာသင်္ကြန်သီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ မက်စ်မြန်မာကုမ္ပဏီ ဟိုတယ်ရှေ့မျက်နှာစာရှိ မိသားစုမဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဗိုလ်မှူးကြီးတင်ငွေ၊ မက်စ်မြန်မာကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကျော်တို့က ရေသဘင်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကပြဖျော်ဖြေ

ထို့နောက် မက်စ်မြန်မာကုမ္ပဏီ ဟိုတယ် မိသားစုယိမ်းအဖွဲ့က မြန်မာ့ရိုးရာအတာသင်္ကြန်ယိမ်းအကဖြင့် ကပြဖျော်ဖြေပြီး တေးသံရှင်များနှင့်အနုပညာရှင်များက မြန်မာ့ရိုးရာသင်္ကြန်သီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ ရွှေမြန်မာဟိုတယ် ရှေ့မျက်နှာစာရှိ မိသားစု မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဗိုလ်မှူးကြီးတင်ငွေ၊ ရွှေမြန်မာဟိုတယ်၊ ငွေဆင်ကုမ္ပဏီမှ ဒါရိုက်တာ ဦးမျိုးမင်းစိုးတို့က ရေသဘင်မဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

သီဆိုဖျော်ဖြေ

ထို့နောက် ရွှေမြန်မာဟိုတယ်မိသားစုယိမ်းအဖွဲ့က မြန်မာ့ရိုးရာအတာသင်္ကြန်ယိမ်းအကဖြင့် ကပြဖျော်ဖြေပြီး တေးသံရှင်များနှင့် အနုပညာရှင်များက မြန်မာ့ရိုးရာ သင်္ကြန်သီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ ရတနာသိဃ်ဟိုတယ် ရှေ့မျက်နှာစာရှိ မိသားစုမဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဗိုလ်မှူးကြီးတင်ငွေ၊ ရတနာသိဃ်ဟိုတယ်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသူရိန်တို့က ရေသဘင်မဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရတနာသိဃ်ဟိုတယ် မိသားစုယိမ်းအဖွဲ့က မြန်မာ့ရိုးရာ အတာသင်္ကြန် ယိမ်းအကဖြင့် ကပြဖျော်ဖြေပြီး တေးသံရှင်များနှင့် အနုပညာရှင်များက မြန်မာ့ရိုးရာ သင်္ကြန်သီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ တော်ဝင်နေပြည်တော် ဟိုတယ်ရှေ့မျက်နှာစာရှိ မိသားစုမဟာသင်္ကြန် ရေသဘင်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဗိုလ်မှူးကြီးတင်ငွေ၊ တော်ဝင်နေပြည်တော်ဟိုတယ်၊ ကောင်းမြန်မာအောင်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က ရေသဘင်မဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တော်ဝင်နေပြည်တော် ဟိုတယ်မိသားစုယိမ်းအဖွဲ့က မြန်မာ့ရိုးရာအတာသင်္ကြန်ယိမ်းအကဖြင့် ကပြဖျော်ဖြေပြီး တေးသံရှင်များနှင့် အနုပညာရှင်များက မြန်မာ့ရိုးရာသင်္ကြန်သီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ ရွှေသံလွင်ကုမ္ပဏီ ရွှေဧည့်သည် ဟိုတယ်ရှေ့မျက်နှာစာရှိ မိသားစုမဟာသင်္ကြန်ရေသဘင် မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဗိုလ်မှူးကြီးတင်ငွေ၊ ရွှေသံလွင်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းထွန်းတို့က ရေသဘင်မဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယိမ်းအက

ထို့နောက် ရွှေသံလွင် ရေသဘင်နန်းယိမ်းအဖွဲ့၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနယိမ်းအဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာန ယိမ်းအဖွဲ့နှင့် တေးသံရှင်များက သင်္ကြန်ယိမ်းအကနှင့် သင်္ကြန်သီချင်းများဖြင့် ကပြသီဆို ဖျော်ဖြေကြသည်။

ဆက်လက်၍ မြတ်တော်ဝင်ဟိုတယ် ရှေ့မျက်နှာစာရှိ မိသားစုမဟာသင်္ကြန် ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဗိုလ်မှူးကြီးတင်ငွေ၊ အေးရှားဝေါလ် ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးလှမြင့်တို့က ရေသဘင်မဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အေးရှားဝေါလ်ကုမ္ပဏီလီမိတက် မြတ်တော်ဝင်ဟိုတယ်မိသားစု ယိမ်းအဖွဲ့နှင့် တေးသံရှင်များက သင်္ကြန်ယိမ်းအကနှင့် သင်္ကြန်သီချင်းများဖြင့် ကပြသီဆို ဖျော်ဖြေကြသည်။

ကျင်းပ

ဆက်လက်၍ သင်္ဂဟဟိုတယ် ရှေ့မျက်နှာစာရှိ မိသားစုမဟာသင်္ကြန် ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဗိုလ်မှူးကြီးတင်ငွေ၊ သင်္ဂဟဟိုတယ်မှ ဇေဂ Group မန်နေဂျင်းဒါရိုက်တာဦးချစ်ခိုင်တို့က ရေသဘင်မဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် သင်္ဂဟဟိုတယ် မိသားစုယိမ်းအဖွဲ့နှင့် တေးသံရှင်များက သင်္ကြန်ယိမ်းအကနှင့် သင်္ကြန်သီချင်းများဖြင့် ကပြသီဆို ဖျော်ဖြေကြသည်။

ဆက်လက်၍ ရွှေနန်းတော်ဟိုတယ် ရှေ့မျက်နှာစာရှိ မိသားစု မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဗိုလ်မှူးကြီးတင်ငွေ၊ ရွှေနန်းတော်ဟိုတယ်၊ ထူးထရေးဒင်းကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးဇော်မင်းသိန်းတို့က ရေသဘင်မဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၆ သို့

14-4 (03).pmd 1 4/14/2010, 2:17 AM

ပါကစ္စတန်နိုင်ငံ ဖရွန်တီယာပြည်နယ် အနောက်မြောက်ပိုင်း၌ ဖြစ်ပွားသော ဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံတစ်လုံးကို ဧပြီ ၁၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်၏ နျူကလီးယားခြိမ်းခြောက်မှု အယာတိုလာခါမေနီ ပြင်းထန်စွာဝေဖန်

တီဟီရန် ဧပြီ ၁၃

အမေရိကန်သမ္မတ အိုဘားမားက နျူကလီးယားလက်နက်ဖြင့် အီရန်နိုင်ငံကို ခြိမ်းခြောက်နေသည်ဟု အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာခါမေနီက ပြင်းထန်စွာ ပြစ်တင်ဝေဖန်လိုက်သည်။

အယာတိုလာခါမေနီက အီရန်ထိပ်တန်းတပ်မှူးများနှင့် ဧပြီ ၁၂ ရက်က တွေ့ဆုံစဉ် အထက်ပါအတိုင်း ဝေဖန်လိုက်ခြင်းဖြစ်ပြီး အချို့သော အင်အားကြီးနိုင်ငံများသည် မာနထားရှိကာ သူတို့၏ စွမ်းအားအပေါ် သူတို့အားကိုးနေကြကြောင်း ပြသခြင်းဖြစ်သည်ဟု ထည့်သွင်းပြောကြားသည်။

အယာတိုလာခါမေနီ

ခြိမ်းခြောက်

အမေရိကန်သမ္မတ၏ မကြာမီက ပြောကြားချက်များမှာ လွန်စွာထူးဆန်းကြောင်း၊ လူ့အခွင့်အရေး လေးစားရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးတို့ ဦးစားပေးနေသည့် ၂၁ရာစုနှစ်အတွင်း နိုင်ငံ့အကြီးအကဲတစ်ဦးက နျူကလီးယားလက်နက်ဖြင့်တိုက်ခိုက်ရန် ခြိမ်းခြောက်လာမှုကို ကမ္ဘာကြီးက လျစ်လျူမပြုသင့်ကြောင်း စသည်ဖြင့် အယာတိုလာခါမေနီက ပြောကြားသည်။ **(အင်တာနက်)**

ပိုလန်သမ္မတလေယာဉ်ပျက်ကျမှု လေယာဉ်မှူး၏ ပေါ့ဆမှုကြောင့်ဖြစ်နိုင်ဟုဆို

စမိုလင့်စ်ခ် ဧပြီ ၁၃

ပိုလန်သမ္မတ လိချ်ကာဇင်စကီနှင့် ဇနီးဖြစ်သူ အမျိုးသမီးတို့ပါဝင်သည့် ဗဟိုဘဏ်ဥက္ကဋ္ဌ ဆလာအိုမီယာစကာဇီ ပက်တို့ လိုက်ပါလာသည့် လေယာဉ်သည် ဧပြီ ၁၀ရက်က ပျက်ကျခဲ့ခြင်း၏ အကြောင်းရင်းမှာ လေယာဉ်မှူး၏ ပေါ့ဆမှုကြောင့် ဖြစ်နိုင်သည်ဟု စမိုလင့်စ်ခ်ဒေသဆိုင်ရာ အစိုးရအဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

မင့်စ်လေဆိပ်တွင် လေယာဉ်ဆင်းသက်ရန် လေယာဉ်မှူးကို အကြံပေးခဲ့သော်လည်း လေယာဉ်မှူးက စမိုလင့်စ်ခ်လေဆိပ်တွင် ဆင်းသက်ရန် ဆုံးဖြတ်ခဲ့ကြောင်း အဆိုပါပြောခွင့်ရပုဂ္ဂိုလ် အင်ဒရီးယက်ဗ်ဆီယင့်ကော့ဗ်က ပြောကြားသည်။

ပျက်ကျ

အဆိုပါလေယာဉ်သည် ရုရှားနိုင်ငံ အနောက်ပိုင်းစမိုလင့်စ်ခ်ဒေသ လေဆိပ်မှ ၁ ဒသမ ၃ မိုင် (၂ ကီလိုမီတာ)ခန့်အကွာတွင် ထူထပ်စွာကျရောက်နေသောမြူမှုန်များအကြား ပျက်ကျခဲ့ခြင်းဖြစ်သည်။

ပယ်ဖျက်

ပိုလန်ဝန်ကြီးချုပ်ဒေါနယ်တာ့စ်ခ်သည် ပိုလန်သမ္မတ လိချ်ကာဇင်စကီလေယာဉ်ပျက်ကျသေဆုံးခဲ့ပြီးနောက်ပိုင်း၌ နျူကလီးယားထိပ်သီးညီလာခံ တက်ရောက်ရန် အမေရိကန်နိုင်ငံသို့ သွားရောက်မည့် ခရီးစဉ်ကို ပယ်ဖျက်လိုက်သည်။

ထုတ်ပြန်

ထို့အပြင် ပိုလန်ဝန်ကြီးချုပ်သည် အဆိုပါလေယာဉ်ပျက်ကျခဲ့ပြီးနောက်ပိုင်း၌ လာမည့် သီတင်းပတ်တွင် ကျင်းပရန်စီစဉ်ထားသည့် အမေရိကန်နှင့်ကနေဒါနိုင်ငံတို့သို့ သွားရောက်မည့် ယင်း၏ ခရီးစဉ်ကိုလည်း ပယ်ဖျက်လိုက်ကြောင်း ပိုလန်အစိုးရပြန်ကြားရေးရုံးက သတင်းထုတ်ပြန်သည်။ **အမ်အင်န်အေ၊ ရိုက်တာ**

နျူကလီးယားလက်နက် အပြိုင်အဆိုင်တပ်ဆင်မှု အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်လာနိုင်ဖွယ်ရှိဟုဆို

ကိုင်ရို ဧပြီ ၁၃

အရှေ့အလယ်ပိုင်းဒေသအတွင်း အီရန်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့အကြားနျူကလီးယားလက်နက် အပြိုင်အဆိုင်တပ်ဆင်လာဖွယ်ရှိကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးအာမက်အဘူဂိတ်က ဧပြီ ၁၁ရက်၌ သတိပေးပြောကြားလိုက်သည်။

အစ္စရေးအစိုးရက နျူကလီးယားလက်နက်ထုတ်လုပ်ခြင်းမပြုရန်နှင့် နျူကလီးယားမပြန့်ပွားရေးစာချုပ်၌ ပါဝင်ရန် ကျင်းပမည့်ထိပ်သီးအစည်းအဝေးသို့ မသွားရောက်မီ အီဂျစ်နိုင်ငံခြားရေးဝန်ကြီးက တိုက်တွန်းပြောကြားခြင်းဖြစ်သည်။

ပြောကြား

နိုင်ငံတကာအသိုင်းအဝိုင်း၏ အရေးယူပိတ်ပင်မှုကို အလေးမထားသော အီရန်နိုင်ငံ၏နျူကလီးယားပြဿနာကို သံတမန်နည်းဖြင့် ဖြေရှင်းရန်လိုအပ်သည်ဟုလည်း ၎င်းက ပြောကြားသည်။

လက်မှတ်ရေးထိုး

ထို့ပြင် အီဂျစ်အစိုးရအနေဖြင့် အရှေ့အလယ်ပိုင်းဒေသ၌ မည်သည့် နျူကလီးယား အင်အားကြီးနိုင်ငံကိုမျှ လက်မခံလိုကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးက တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ထည့်သွင်းပြောကြားသည်။ နျူကလီးယားထိပ်သီး အစည်းအဝေးသို့ တက်ရောက်ရန် ဝါရှင်တန်သို့သွားရောက်မည့် ခရီးစဉ်ကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဖျက်သိမ်းခဲ့ပြီးနောက် အီဂျစ်နှင့် တူရကီ ဦးဆောင်သည့် နိုင်ငံများက နျူကလီးယားမပြန့်ပွားရေးစာချုပ် အစ္စရေး လက်မှတ်ထိုးရေးကို တောင်းဆိုလျက်ရှိသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဟိုင်းမြို့ ကုန်စည်ပြပွဲ၌ ရှန်ဟိုင်းမော်တော်ကား စက်မှုကော်ပိုရေးရှင်းမှ ထုတ်လုပ်သည့် ထူးထူးခြားခြားမော်တော်ကားတစ်စီးကို ဧပြီ ၁၁ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

နီပေါ၌ ဘတ်စ်ကားနှင့်ကုန်ကားတိုက် ခြောက်ဦးသေဆုံး

ခတ္တမန္ဒူ ဧပြီ ၁၃

နီပေါနိုင်ငံအလယ်ပိုင်း မက္ကဝါပူခရိုင်၌ နီပေါနိုင်ငံမြို့တော် ခတ္တမန္ဒူမှ ဆင်ဒူလီမြို့သို့ ဦးတည်မောင်းနှင်လာသော ဘတ်စ်ကားတစ်စီးနှင့် လမ်းဘေးတွင်ရပ်ထားသည့် ကုန်တင်ကားကြီးတစ်စီး ဧပြီ ၁၁ ရက် နံနက်က တိုက်မိရာမှ ခြောက်ဦးထက်မနည်း သေဆုံးပြီး ၂၄ဦး ဒဏ်ရာရရှိသွားကြောင်း သတင်းရရှိသည်။

ပွဲချင်းပြီး

ခရီးသည်ငါးဦးမှာ ပွဲချင်းပြီးသေဆုံးသွားခြင်းဖြစ်ကြောင်း၊ နောက်တစ်ဦးမှာ ဆေးရုံတွင်ကုသမှုခံယူနေစဉ် ရရှိသည့် ဒဏ်ရာကြောင့် သေဆုံးသွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထွက်ပြေး

ဒဏ်ရာရရှိသည့်ခရီးသည်များကို ဘာရက်ပူးဆေးကောလိပ်၊ ချစ်ဝန်နှင့် ဟီတောဒါဆေးရုံတွင်ဆေးကုသမှုပေးနေကြောင်း၊ ယာဉ်တိုက်မှုဖြစ်ပွားပြီးနောက် ဘတ်စ်ကားယာဉ်မောင်းထွက်ပြေးသွားကြောင်းလည်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီတလီဝန်ထမ်းသုံးဦး အာဖဂန်နစ္စတန်၌ ဖမ်းဆီးခံရ

ကဘူးလ် ဧပြီ ၁၃

အာဖဂန်နစ္စတန်နိုင်ငံ၌ အီတလီနိုင်ငံက ဖွင့်လှစ်ထားသည့် ဆေးရုံ၌ ဖောက်ခွဲရေးပစ္စည်းများတွေ့ရှိပြီးနောက် အီတလီဝန်ထမ်းသုံးဦးအား ဖမ်းဆီးလိုက်ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဧပြီ ၁၂ ရက်က ဖော်ပြထားသည်။

ဖမ်းဆီး

ဟယ်လ်မန့်ပြည်နယ်၏မြို့တော် လက်ရှ်ကာဂါးရှိ အဆိုပါဆေးရုံ၌ လုပ်ကိုင်သည့် အခြားဝန်ထမ်းခြောက်ဦးကိုလည်း ဖမ်းဆီးလိုက်သည်ဟု သိရသည်။

ရဲတပ်ဖွဲ့က ဖောက်ခွဲရေးပစ္စည်းများကို ဆေးရုံပစ္စည်းသိုလှောင်ခန်းမှ ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ၎င်းတို့အား ယင်းကဲ့သို့ ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။ **(အင်တာနက်)**

နေတိုးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှု အပြစ်မဲ့အာဖဂန်အရပ်သားလေးဦး သေဆုံးခဲ့ရ

ကန်ဒါဟာ ဧပြီ ၁၃

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ နေတိုးဦးဆောင်သောတပ်ဖွဲ့ဝင်များက ခရီးသည်တင်ဘတ်စ်ကားတစ်စီးကို ဧပြီ ၁၂ ရက် နံနက်ပိုင်းတွင် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့အာဖဂန်အရပ်သားလေးဦးသေဆုံးပြီး ၁၈ ဦးဒဏ်ရာရရှိသွားကြောင်း ကန်ဒါဟာပြည်နယ်အစိုးရက ထုတ်ပြန်သော သတင်းတွင်ဖော်ပြထားသည်။

သေဆုံး

ခရီးသည်တင်ဘတ်စ်ကားသည် ကန်ဒါဟာပြည်နယ်မှ ဟာ့ဒ်ပြည်နယ်သို့ မောင်းနှင်လာစဉ် နေတိုးဦးဆောင်သောတပ်ဖွဲ့ဝင်များက ပစ်ခတ်လိုက်သဖြင့် အမျိုးသမီးတစ်ဦးနှင့် ကလေးတစ်ဦးအပါအဝင် လေးဦးသေဆုံးသွားသည်။

ဖော်ပြ

အဆိုပါပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရသူ ၁၈ ဦးအနက် ၁၂ ဦးကို ကန်ဒါဟာလေတပ်စခန်း အပြည်ပြည်ဆိုင်ရာ လုံခြုံရေးကူညီရေး တပ်ဖွဲ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ကျန်ခြောက်ဦးကို ကန်ဒါဟာဆေးရုံသို့ ပို့ဆောင်ပေးကြောင်း သတင်းတွင်ဖော်ပြထားသည်။ **(အင်တာနက်)**

ဘင်္ဂလားဒေ့ရှ် ယာဉ်တိုက်မှု ငါးဦးသေဆုံး ၁၂ဦးဒဏ်ရာရ

ဒါကာ ဧပြီ ၁၃

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်မြောက်ပိုင်း ရန်ဂါခရိုင်အတွင်း၌ ဧပြီ ၁၂ရက် နံနက်က ခရီးသည်တင် ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုကြောင့် ငါးဦးထက်မနည်း သေဆုံးပြီး ၁၂ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံး

အဆိုပါ ဘတ်စ်ကားသည် ဘရိုတ်ပေါက်ကာ ယင်းကဲ့သို့ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ခရီးသည်လေးဦးနေရာတွင်ပင် ပွဲချင်းပြီး သေဆုံးကာ အခြားတစ်ဦးမှာ ဆေးရုံသို့ပို့စဉ်လမ်းခရီး၌ သေဆုံးသွားခြင်းဖြစ်သည်။

ဖြစ်ပွား

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ယာဉ်တိုက်မှုအဖြစ်ပွားဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယာဉ်တိုက်မှုကြောင့် နှစ်စဉ်လူ ၁၀၀၀၀ကျော် သေဆုံးလျက်ရှိသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ အင်ဒိုနီးရှားအမျိုးသမီးငယ်များ၏ ရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ဧပြီ ၁၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ရုရှားမြောက်ပိုင်း၌ ရဲတပ်ဖွဲ့ဝင်သုံးဦး ပစ်သတ်ခံရ

ရုရှားနိုင်ငံမြောက်ပိုင်း ကာရာဘူဒက်ကင့်ခရိုင်တွင် ဧပြီ၁၃ရက်က လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ၏ပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦးသေဆုံးသွားကြောင်း ရုရှားလုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။

တရုတ်နှင့်ဂျော်ဒန် မီဒီယာလုပ်ငန်းများပူးတွဲဆောင်ရွက်မည်

တရုတ်နှင့်ဂျော်ဒန်နှစ်နိုင်ငံတို့သည် မီဒီယာလုပ်ငန်းများနှင့်ပတ်သက်၍ ပူးတွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဂျော်ဒန်နိုင်ငံ၏မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံက အကူအညီပေးသွားမည်ဖြစ်ကြောင်း တရုတ်အရာရှိများက ဧပြီ ၁၃ရက်၌ ပြောကြားသည်။

အီတလီမြောက်ပိုင်း၌ ရထားမတော်တဆမှုဖြစ်ပွား

အီတလီနိုင်ငံမြောက်ပိုင်း မီရာနိုမြို့အနီး မြေပြိုမှုဖြစ်ပွားပြီး ရထားလမ်းများ ချွတ်ယွင်းပျက်စီးနေစဉ် ခရီးသည်တင်ရထားတစ်စင်း ဖြတ်သန်းမောင်းနှင်မှုကြောင့် ရထားမတော်တဆမှုဖြစ်ပွားခဲ့ရာ ခရီးသည်၁၁ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း အီတလီရထားလုပ်ငန်းက ဧပြီ ၁၃ရက်၌ သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

တရုတ်ခရီးသွားအုပ်စု ပြုံယမ်းသို့ရောက်ရှိ

တရုတ်နိုင်ငံမှ ၃၅ဦးပါခရီးသွားအုပ်စုသည် မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့သို့ ပထမဆုံးအကြိမ်အဖြစ် ဧပြီ ၁၃ရက်က ရောက်ရှိခဲ့ကြောင်း၊ အနာဂတ်ကာလ၌ တရုတ်နှင့် မြောက်ကိုရီးယားခရီးသွားများ အပြန်အလှန်လည်ပတ်နိုင်ရေး ကြိုးစားသွားမည်ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အိန္ဒိယနှင့်နယူးဇီလန် ပညာရေးပူးပေါင်းမည်

အိန္ဒိယနှင့် နယူးဇီလန်နိုင်ငံတို့သည် ပညာရေးဆိုင်ရာလုပ်ငန်းများ၌ ပူးတွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နယူးဇီလန်နိုင်ငံအတွက် အိန္ဒိယနိုင်ငံက ပညာရေးဆိုင်ရာ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးနိုင်မည်ဟု အိန္ဒိယနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဧပြီ ၁၃ရက်၌ သတင်းထုတ်ပြန်သည်။

အာရှကာကွယ်ရေးပြပွဲ မလေးရှား၌ကျင်းပမည်

(၁၂)ကြိမ်မြောက် အာရှကာကွယ်ရေးဆိုင်ရာပြပွဲတစ်ရပ်ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဧပြီ ၁၉ရက်မှ ၂၂ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းပြပွဲသို့ နိုင်ငံပေါင်း ၆၀မှ ကုမ္ပဏီပေါင်း ၇၀၀ကျော် ပါဝင်ခင်းကျင်းပြသမည်ဖြစ်ကြောင်း မလေးရှားအရာရှိများက ဧပြီ ၁၃ရက်၌ ပြောကြားသည်။

ကာဇက်စတန်တောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ကာဇက်စတန်နိုင်ငံတောင်ပိုင်း ဘက်ကင်ဒေသတွင် ဧပြီ ၁၃ရက် နံနက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ခြောက်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ယခုနှစ်အတွင်း အင်ဒိုနီးရှားက ရေနံတိုးမြှင့်ထုတ်လုပ်မည်

အင်ဒိုနီးရှားနိုင်ငံက ၂၀၁၀ခုနှစ်အတွင်း တစ်နေ့လျှင် ရေနံစည်သန်းပေါင်း တစ်သန်းထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ ရေနံတိုးမြှင့်ထုတ်လုပ်ရန် စီစဉ်လျက်ရှိကြောင်း အင်ဒိုနီးရှားရေနံလုပ်ငန်းဝန်ကြီးဌာနက ဧပြီ ၁၃ရက်၌ သတင်းထုတ်ပြန်သည်။

ရေနံဈေးနှုန်းကျဆင်းရန် ဆောင်ရွက်မည်

ကမ္ဘာ့ဈေးကွက်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၀ခန့် အထိ ကျဆင်းစေရန် ကြိုးစားဆောင်ရွက်သွားမည်ဟု အိုပက်အရာရှိများက ဧပြီ ၁၃ရက်၌ ပြောကြားသည်။

(အင်တာနက်)

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အဓိကလမ်းမကြီးများတစ်လျှောက် နေ့စဉ်သန့်ရှင်းရေးဆောင်ရွက်မှုကို ဧပြီ ၅ရက်က ဦးစီးအရာရှိ ဦးကိုကိုနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဇီးကုန်း၌ ပညာအလင်းစာကြည့်တိုက်အဆောက်အအုံဖွင့် စံ(၅)ချက်ညီ စာကြည့်တိုက်များဖြစ်ရေး ဆွေးနွေး

ဇီးကုန်း ဧပြီ ၁၃

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် ကူဖြူရွာ ပညာအလင်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၁ရက် နံနက် ၈နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဆွေးနွေး

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးညွှန့်စိုးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသောင်းကြွယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ခရိုင်ဦးစီးအရာရှိက စံ(၅)ချက်ညီ စာကြည့်တိုက်များ ဖြစ်ပေါ်လာရေး ဆွေးနွေးဟောပြောသည်။

လှူဒါန်း

ထို့နောက် အလှူရှင် ဦးသန်းထွန်းက စာကြည့်တိုက်ပိုင်မြေကို လှူဒါန်းပြီး ကျန်အလှူရှင်ရှစ်ဦးတို့က စာအုပ်မျိုးစုံ စုစုပေါင်းအုပ်၆၅၀ လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။ ***(မြို့နယ် ပြန်/ဆက်)***

အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ မြစ်ကြီးနား၌ကျင်းပ

မြစ်ကြီးနား ဧပြီ ၁၃

မြစ်ကြီးနားခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၀၉ခုနှစ် နှစ်ပတ်လည် အစည်းအဝေးအား ထပ်ဆင့်ရှင်းလင်းပွဲကို မြစ်ကြီးနား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဧပြီ ၂ရက် နံနက် ၈နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလွင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မူမူစိုးက ၂၀၀၉ခုနှစ် နှစ်ပတ်လည် အစည်းအဝေးက ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းများနှင့် ဆုံးဖြတ်ချက်များကို ဖတ်ကြားသည်။

ထို့နောက် မြစ်ကြီးနားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်မူက အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များမှ တာဝန်ရှိသူများကလည်း ရှေ့လုပ်ငန်းများအားတင်ပြ၍ အဆိုပြုလွှာများကိုပေးအပ်ရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလွင်က လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

ဖောင်းပြင်၌ ပညာပျိုးခင်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့် စာဖတ်ခြင်းအကျိုးနှင့် စာကြည့်တိုက်ရေရှည်တည်တံ့ရေးဆွေးနွေး

အလှူငွေနှင့် သုတရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

မုံရွာ ဧပြီ ၁၃

စစ်ကိုင်းတိုင်း ကျေးရွာစာကြည့်တိုက် ရန်ပုံငွေမတည်မှု၊ ကျေးရွာပြည်သူများ ပူးပေါင်းထည့်ဝင်မှုဖြင့် ဖောင်းပြင်မြို့နယ် နောင်ရင်းကျေးရွာ ပညာပျိုးခင်းစာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲနှင့် စာအုပ်စာစောင်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၈ရက် နံနက် ၉နာရီက နောင်ရင်းကျေးရွာ ပညာပျိုးခင်းစာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်သန်းဝင်း၊ မြို့နယ်အတွင်းရေးမှူး ဦးအောင်ကျော်ဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်စန်းတို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဟောပြော

ထို့နောက် မြို့နယ်အတွင်းရေးမှူး ဦးအောင်ကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာမြင့်ဦးက စာဖတ်ခြင်းအကျိုးကျေးဇူး အကြောင်းကိုလည်းကောင်း၊ တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်သန်းဝင်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအကြောင်းကိုလည်းကောင်း ဟောပြောသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ နောင်ရင်းကျေးရွာ ပညာပျိုးခင်းစာကြည့်တိုက်အတွက် အလှူရှင်ငါးဦးတို့က ငွေကျပ် ၅၀၀၀၀နှင့် သုတရသ စာအုပ်မျိုးစုံအုပ် ၁၀၀တို့ကို ပေးအပ်လှူဒါန်းသည်။

အလားတူ ဖောင်းပြင်မြို့နယ် ကိုင်းပြင်ကျေးရွာ မေတ္တာရောင်ခြည်စာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲကိုကျင်းပသည်။ **(တိုင်း ပြန်/ဆက်)**

ငပုတော၌ မေတ္တာဦးစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ငပုတော ဧပြီ ၁၃

ပုသိမ်ခရိုင် ငပုတောမြို့နယ် အုန်းပင်စုကျေးရွာတွင် နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူတို့၏ထည့်ဝင်လှူဒါန်းငွေဖြင့် တည်ဆောက်ခဲ့သည့် မေတ္တာဦးစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၁၇ ရက် မွန်းလွဲ ၂ နာရီက အဆိုပါအဆောက်အအုံသစ်ရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်မှူး ဒုတိယရဲမှူးအေးရွှေ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန့်ဆွေနွယ်ဦး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပြောကြား

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်မှူး ဒုတိယရဲမှူးအေးရွှေက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန့်ဆွေနွယ်ဦးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာဖတ်ရှိန်မြင့်မားရေး၊ စာအုပ်စာစောင်တိုးပွားရေးနှင့် ရန်ပုံငွေရရှိအောင်ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးပြောကြားကာ စာကြည့်တိုက်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင် သုတရသမျိုးစုံ အုပ် ၁၅၀ ကို ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(ဈေး) ဦးမြသိန်းနှင့် အဖွဲ့ဝန်ထမ်းများ၊ ဈေးသူဈေးသားများသည် မတ် ၂၉ရက်က မြို့မဈေးကြီးအတွင်း ရေနုတ်မြောင်းများ ဆယ်ယူခြင်းနှင့် အထူးသန့်ရှင်းရေးဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့် နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန် ရေသဘင်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

ပါဝင်ယှဉ်ပြိုင်

ညပိုင်းတွင်အက၊ အလှ၊ သဘာဝ ယာဉ်များ ပြိုင်ပွဲ၌ ရန်ကုန်အနောက်ပိုင်း ခရိုင် သီရိမေ၊ သင်္ကြန်မင်းသားကြီး၊ မြတ်ပန်းမန္တလေး ရွှေဂုံသူ၊ ပိတောက်လှိုင်၊ ပိတောက်ချစ်သူ၊ ကျွန်ုပ်တို့သည်နှင့် မိုးပြည့်အေးမြတို့က လည်းကောင်း၊ ၁၂ဦး ယှဉ်ပြိုင်ပွဲ၌ အထက(၂) လှိုင်သာယာ၊ အမက(၂)နှင့် အမက(၄) တောင်ဒဂုံ၊ အလက(၂) ဒေါပုံ၊ အမက(၂) ကျောက်

အလားတူ T-Home ဖျော်ဖြေရေး သင်္ကြန်ရေကစားမဏ္ဍပ် ဖွင့်ပွဲကို နံနက် ၁၁နာရီတွင် ကမ္ဘာအေးစေတီလမ်း ဆီဒိုးနား ဟိုတယ်ရှေ့၌ ကျင်းပရာ ရန်ကုန် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း နှင့် TMW Enterprise Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဝေလွင်တို့က ရေကစားမဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးကြသည်။

ရန်ကုန်မြို့ ပြည်လမ်း အင်းလျား ကန်ရှေ့ရှိ Air Bagan ရေကစားမဏ္ဍပ်၊ CHANNEL V ရေကစားမဏ္ဍပ်နှင့် အနော်ရထာလမ်းနှင့် (၁၉)လမ်းထောင့်ရှိ ရွှေ FM ရေကစားမဏ္ဍပ်တို့၌လည်း အနုပညာရှင်များနှင့် အဆိုတော်များက အတာသင်္ကြန် အဆို၊ အကတို့ဖြင့် ဖျော်ဖြေလျက်ရှိရာ ရေပက်ခံကားများ၊ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်း ခရိုင်နှင့် မြို့နယ်များရှိ မဟာသင်္ကြန်မဏ္ဍပ်များကို

ရေကစားမဏ္ဍပ်၌လည်း ပျော်ရွှင်စွာ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နန်းမြို့သူ မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ညနေ ၄နာရီခွဲတွင် အောင်မြေသာစံ မြို့နယ်ရှိ အဆိုပါ မဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ဇနီး ဒေါက်တာဒေါ်ခင်သီတာ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်အက အဖွဲ့ဝင်များ၊ မန္တလေး တပ်နယ်ရှိ တပ်ရင်း တပ်ဖွဲ့များမှ သင်္ကြန်

ယင်းနောက် ရပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များက သင်္ကြန်ပွဲတော်လာ ပြည်သူများအား တေးသီချင်းများ၊ အက များဖြင့် သီဆိုကပြဖျော်ဖြေကြပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မန္တလေး

အလားတူ မြန်မာသက္ကရာဇ် ၁၃၇၁ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန် ဗဟို မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ညနေ ၅နာရီ တွင် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံးရှေ့ မျက်နှာစာရှိ မန္တလေး မြို့တော်ဝန် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က နှုတ်ခွန်းဆက် စကား ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် တို့က မန္တလေးမြို့တော် မြန်မာ့ရိုးရာ





သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်များ၌ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ကြရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ကိုယ်စားပြု မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ညနေ ၃နာရီခွဲတွင် သာကေတမြို့နယ် အနော်မာရပ်ကွက် ဧရာဝဏ်လမ်းရှိ မဟာ သင်္ကြန်မဏ္ဍပ်၌လည်းကောင်း၊ သဃ်န်းကျွန်း နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တို့၏ မြို့နယ်ကိုယ်စားပြု မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲများကို သက်ဆိုင်ရာ မဏ္ဍပ်များ၌ လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်တို့၌ ခရိုင် ကိုယ်စားပြု မဟာသင်္ကြန်မဏ္ဍပ်များနှင့် မြို့နယ်မဟာသင်္ကြန်မဏ္ဍပ်များကိုလည်း

သမီးပျိုလေးများ၊ အထူးဖိတ်ကြားထား သူများ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင် များနှင့် မန္တလေးမြို့သူ မြို့သားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက ၁၃၇၁ခုနှစ် မြန်မာ့ ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ နန်းမြို့သူ မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးသည်။

ထို့နောက် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်အကအဖွဲ့ဝင်များနှင့် မန္တလေး

ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်ဗဟို မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီး၊ မြို့တော်ဝန်နှင့် ဇနီးနှင့် တာဝန်ရှိသူများ သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် လာကြသည့် ဧည့်သည်တော်များနှင့် မဟာသင်္ကြန် အကအဖွဲ့ဝင်များအား သပြေခက်ဖြင့် မဟာသင်္ကြန် အတာရေပက် ဖျန်းပေးကြသည်။

ယင်းနောက် မင်္ဂလာစည်တော်ကြီး အဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ မြန်မာဆိုင်းဝိုင်းတော်ကြီးနှင့် မြို့တော်စည်ပင် ခေတ်ပေါ်တေးဂီတအဖွဲ့

မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားတွင် ယိမ်းအကအဖွဲ့ဝင်များက ကပြဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ထို့နောက် ရွှေနန်းတော်ဟိုတယ် မိသားစုယိမ်းအဖွဲ့နှင့် တေးသံရှင်များက သင်္ကြန်ယိမ်းအကနှင့် သင်္ကြန်သီချင်းများ ဖြင့် ကပြသီဆို ဖျော်ဖြေကြပြီး ဖွင့်ပွဲ အခမ်းအနားများကို နံနက် ၁၁နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင် မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ညနေ ၅နာရီ တွင် အဆိုပါ မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်၌ ကျင်းပရာ ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း တက်ရောက်၍ နှုတ်ခွန်း ဆက်စကားပြောကြားပြီး ရန်ကုန် မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင် မဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

သင်္ကြန်အကြိုနေ့က စစ်ကိုင်းတိုင်း ကလေးမြို့ ကျီးကုန်းတပ်နယ် မိသားစု အတာရေသဘင်မဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေကစားကြစဉ်။ (သတင်းစဉ်)

ကပြဖျော်ဖြေ

ထို့နောက် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ က မန်းတောင်ရိပ်ခိုသီချင်းကို သံပြိုင် သီဆိုကြလျက် ကကြိုးကကွက် စုံညီစွာ ကပြဖျော်ဖြေတင်ဆက်ကြပြီး ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များက တစ်ဖွဲ့ချင်း ကပြဖျော်ဖြေ တင်ဆက်ကြကာ အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနား ကျင်းပရာ ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များက ကပြဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

တံတား၊ အထက(၂) ကမာရွတ်၊ အမက (၂၁) မြောက်ဒဂုံ၊ အလက(၁) မရမ်းကုန်း၊ အထက(၃) မြောက်ဒဂုံ၊ ရခိုင်ရိုးရာ ယဉ်ကျေးမှု၊ ကရင်ဒုံးယိမ်း(၁)နှင့် (၂) တို့ကလည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြ ကြောင်း သိရှိရသည်။

ထို့အတူ (၇)ကြိမ်မြောက် ရခိုင် ရိုးရာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်ဖွင့်ပွဲ ကို နံနက်၁၀နာရီတွင် မင်္ဂလာတောင်ညွန့် မြို့နယ်ရှိ သိမ်ဖြူကားမောင်းသင်ကွင်း၌ ကျင်းပသည်။

မဟာသင်္ကြန်အကြိုနေ့က ကမ္ဘာအေးစေတီလမ်းရှိ T-Home ရေကစားမဏ္ဍပ်တွင် ရေပက်ကစားကြစဉ်။ (သတင်းစဉ်)

ကောင်း ညနေပိုင်းတွင် စတင်ဖွင့်လှစ်ကြ သည်။

စည်ကား

အလားတူ ကန်တော်ကြီး ကန်ပတ် လမ်းတစ်လျှောက်၌လည်း မဏ္ဍပ်ပေါင်း ၂၀ခန့်ဆောက်လုပ်၍ ပျော်ရွှင်စွာ ရေကစား ကြပြီး ကျောက်တံတားမြို့နယ် အနော် ရထာလမ်းနှင့် ၃၅လမ်းထိပ်ရှိ ပစိဖိတ်

တပ်နယ်အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များမှ သမီးပျိုလေးများက အမှတ်(၃)နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၏ မြန်မာဆိုင်း ဝိုင်း၊ တေးဂီတအဖွဲ့တို့နှင့် တွဲဖက်၍ **‘မြန်မာ့မူ မြန်မာ့ဟန်’** တေးသီချင်းနှင့် **‘မန်းတောင်ရိပ်ခို’** တေးသီချင်းတို့ဖြင့် ကပြဖျော်ဖြေကြပြီး တိုင်းမှူးနှင့်ဇနီးတို့က အခမ်းအနားသို့ တက်ရောက်လာကြသူများ အား အတာရေများ ပက်ဖျန်းပေးကြသည်။

တို့နှင့် တွဲဖက်၍ တူညီရောင်စုံ ဝတ်စုံ ဝတ်ဆင်ထားကြသော ယိမ်းအကအဖွဲ့ဝင် ၃၀၀၀ကျော်တို့က **‘မန်းတောင်ရိပ်ခို’** သီချင်း နှင့် **‘သင်္ကြန်မိုး’** သီချင်းတို့ဖြင့် သံပြိုင်သီဆို ကပြကြရာ ရုပ်ရှင်၊ ဂီတ၊ သဘင် အနု ပညာရှင်များကလည်း ပါဝင် သီဆိုကပြ ဖျော်ဖြေကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ *ကျောဖုံးမှ*

ဖွင့်လှစ်

နေပြည်တော်ရှိ ပြည်သူများအတွက် သင်္ကြန်ကာလ ပျော်ရွှင်ချမ်းမြေ့စရာနေ့ရက်များကား စတင်ပြီ ဖြစ်သည်။ နေပြည်တော်ဟိုတယ်ဇုန်ရှိ ရာဇသင်္ဂဟလမ်း လမ်းမကြီးတစ်လျှောက် တည်ဆောက်ထားသည့် မဟာသင်္ကြန် ဖျော်ဖြေရေးနှင့် ရေပက်မဏ္ဍပ်ကြီးများကို ဧပြီ၁၃ရက် သင်္ကြန်အကြိုနေ့ နံနက် ၈နာရီက စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

နေပြည်တော် ဟိုတယ်ဇုန်ရှိ အမရာဟိုတယ်မဏ္ဍပ်တွင် သင်္ကြန်ယိမ်းအက အဖွဲ့များက သင်္ကြန်အကများဖြင့် ဖျော်ဖြေတင်ဆက်နေသလို စင်မြင့်တစ်ဖက်တစ်ချက်တွင်ရှိသည့် ရေကစားနေရာများ၌ ရေပက်ခံထွက်သူများအား ရေပိုက်များဖြင့် ရေပက်ဖျန်းနေသည်ကို တွေ့ရသည်။

မက်စ်မြန်မာမဏ္ဍပ်

မက်စ်အမည်ကို အင်္ဂလိပ်စာလုံးဖြင့် သင်္ကြန်မဏ္ဍပ်ထိပ်၌ ထင်ထင်ရှားရှား တင်လျက် ဒီဇိုင်းထူးခြားစွာ တည်ဆောက်ထားသော မက်စ်မြန်မာ ဟိုတယ်မဏ္ဍပ်၌ နာမည်ကြီး အဆိုတော်များဖြစ်သည့်

"ဒီမဏ္ဍပ်မှာ သီဆိုဖျော်ဖြေသွားမှာပါ"
သရုပ်ဆောင် နဝရတ်။

မျိုးကျော့မြိုင်၊ စည်သူလွင် စသော အနုပညာရှင်များက ပရိသတ်အကြိုက် တေးသီချင်းများကို ဖျော်ဖြေလျက်ရှိပြီး ရေပက်သူများ၊ ရေပက်ခံထွက်သူများဖြင့် စည်ကားလျက်ရှိသည်။ မက်စ်မြန်မာလုပ်ပိုင်ဖြူများ၏ သင်္ကြန်ယိမ်းအကများကလည်း မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှသည်။

စည်စည်ကားကား

ထို့နောက် ရွှေမြန်မာဟိုတယ် မဟာသင်္ကြန် ရေကစားမဏ္ဍပ်သို့ သတင်းအဖွဲ့ရောက်ရှိခဲ့သည်။ ရေပိုက်များဖြင့် ရေပက်ဖျန်းနေကြသည့်သူများနှင့် မဏ္ဍပ်ရှေ့တွင် မော်တော်ဆိုင်ကယ်များ၊ မော်တော်ယာဉ်များဖြင့် ရေပက်ခံထွက်လာသူများ ဖြင့် စည်စည်ကားကားရှိလှသည်။

ရတနာသိဃ်ဟိုတယ်မဏ္ဍပ်

တေးဂီတသံစဉ်များ လွင့်ပျံ့ကာ မဏ္ဍပ်စင်မြင့်ထက်၌ နိုင်ငံကျော် ရုပ်ရှင် သရုပ်ဆောင်များ သီဆိုဖျော်ဖြေနေမှုကို တွေ့ရသည်။ ရတနာသိဃ် ဟိုတယ်မဏ္ဍပ်တွင် သင်္ကြန်ကာလ၌ Hi Bird တေးဂီတအဖွဲ့က တာဝန်ယူ တီးခတ်မည်ဖြစ်သည်။ ဝါးခယ်မ

"မြန်မာသံစဉ် သင်္ကြန်သီချင်းတွေနဲ့ ဖျော်ဖြေသွားမယ်"
သရုပ်ဆောင် ဖိုးသောကြာ။

ကိုရဲမောင်၊ အောင်ခိုင်၊ နဝရတ်၊ ရဝေအောင်၊ မေရွက်ဝါ၊ ခရစ္စတီးနား၊ သူသူ၊ ဂရေ့စ်၊ ဆန်းသစ်လ၊ ဆင်ပေါက်၊ နေခြည်လင်းလဲ့၊ ရှင်မင်းအိမ်၊ ဘေဘီနှင့် ရိန်းတို့က သင်္ကြန်ပွဲတော်ကာလအတွင်း တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ပျော်စရာ

စင်မြင့်ထက်၌ တေးသီချင်းတစ်ပုဒ်ဖြင့် ဖျော်ဖြေပြီး စင်မြင့်မှ ဆင်းလာသူ သရုပ်ဆောင် နဝရတ်က "နေပြည်တော်မှာ သင်္ကြန်ပွဲဆင်နွှဲတာဟာ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ဒီမဏ္ဍပ်မှာပဲ သင်္ကြန်အကြိုနေ့ကနေ သင်္ကြန်အတက်နေ့အထိ ဖျော်ဖြေပေးမှာ ဖြစ်ပါတယ်။ နေပြည်တော်မြို့တော်ဝန် သင်္ကြန်မဏ္ဍပ်နဲ့ အခြားမဏ္ဍပ်တွေက ဖိတ်ရင်တော့ သွားရောက် ဖျော်ဖြေဖြစ်မှာပါ၊ သင်္ကြန်ပွဲတော်ကတော့ ဘယ်နေရာမှာပဲဖြစ်ဖြစ် ပျော်စရာကောင်းနေတာပါပဲ" ဟု သတင်းအဖွဲ့သို့ ပြောပြသည်။

ထည်ဝါဝင့်ကြွား

ထို့နောက် တော်ဝင်နေပြည်တော် ဟိုတယ်မဏ္ဍပ်သို့ ဆက်လက်သွားရောက်ခဲ့သည်။ အလျား ပေ ၂၀၀ အထိ ကျယ်ဝန်းစွာ တည်ဆောက်ထားပြီး ဆန်းသစ်ခေတ်မီသော ဒီဇိုင်းပုံစံဖြင့် တော်ဝင်နေပြည်တော်ဟိုတယ်မဏ္ဍပ်သည် ထည်ဝါဝင့်ကြွားလျက်ရှိသည်။ မဏ္ဍပ်စင်မြင့်ထက်၌ တေးသီချင်းဖြင့် ဖျော်ဖြေနေသူကို ကြည့်လိုက်ရာ ရုပ်ရှင်သရုပ်ဆောင် အိန္ဒြာကျော်ဇင်ဖြစ်နေသည်။ သီချင်း သီဆိုဖျော်ဖြေပြီးနောက် စင်မြင့်မှ ဆင်းလာသူ အိန္ဒြာကျော်ဇင်ကို မေးမြန်းရာ "သင်္ကြန်ပွဲတော်အတွင်း ဒီမဏ္ဍပ်မှာပဲ

"နေပြည်တော်သင်္ကြန်ပွဲမှာ အားရအောင် ဖျော်ဖြေသွားမယ်"
အဆိုတော် ထူးအယ်လင်း။

ဖျော်ဖြေမှာပါ။ ဒါပေမယ့် တောင်ငူမှာရှိတဲ့ ရှိုင်ရယ် သင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ သွားရဦးမယ် ချက်ချင်းပြန်လာမှာပါ။ နေပြည်တော်သင်္ကြန်ကို ပထမဆုံးဆင်နွှဲရတာမို့ပျော်ပါတယ်...သင်္ကြန်ပွဲတော်အတွင်း ဒီမဏ္ဍပ်မှာ နေ့တိုင်း သီချင်းတွေ အများကြီး သီဆိုဖျော်ဖြေပေးသွားမှာပါ" ဟု သတင်းအဖွဲ့သို့ ပြောပြသည်။

တစ်ဖန် တော်ဝင်နေပြည်တော် ဟိုတယ်မဏ္ဍပ်၌ အဆိုတော် ထူးအယ်လင်းလည်း သီဆိုဖျော်ဖြေလျက်ရှိရာ "ငါ့သမီး စာကျက်နေတယ်" သီချင်းဖြင့် ပရိသတ်ကို ဖျော်ဖြေပြီးနောက် မေးမြန်းရာ "နေပြည်တော်သင်္ကြန်မှာတော့ အားရအောင် ဖျော်ဖြေသွားမှာပါ။ ကျွန်တော်ရော မီးမီးခဲပါ တော်ဝင်နေပြည်တော်ဟိုတယ်မဏ္ဍပ်မှာပဲ ဖျော်ဖြေကြမှာ ဖြစ်ပါတယ်။ ပရိသတ်အကြိုက် တေးသီချင်းတွေကို အားပါးတရ သီဆိုသွားဖို့ စီစဉ်ထားပါတယ်" ဟု ပြောပြသည်။

သီဆိုဖျော်ဖြေ

တော်ဝင်နေပြည်တော်ဟိုတယ်တွင် ထူးအယ်လင်း၊ အကယ်ဒမီအိန္ဒြာကျော်ဇင်၊ မိုးပြည့်ပြည့်မောင်၊ စိုးပြည့်သဇင်၊ အကယ်ဒမီ မို့မို့မြင့်အောင်၊ အကယ်ဒမီရဲအောင်၊ အကယ်ဒမီ ခိုင်ခင်ဦး၊ လေးလေးဝါး၊ ကဗျာဘွဲ့မှူး၊ ကော်နီတို့က Spectrum တေးဂီတဝိုင်းဖြင့် သင်္ကြန်ပွဲတော်အတွင်း သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။

ရွှေသံလွင်မဏ္ဍပ်

နေပြည်တော်ရှိ ရာဇသင်္ဂဟလမ်းတစ်လျှောက်တွင် ရေပက်ခံထွက်သည့်မော်တော်ကားများ၊ မော်တော်ဆိုင်ကယ်များ၊ လမ်းလျှောက်ကာ ရေပက်ခံထွက်သူများ၊ သင်္ကြန်မဏ္ဍပ်များမှ တေးဂီတ ဖျော်ဖြေတင်ဆက်မှုများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။ သတင်းအဖွဲ့ ရွှေသံလွင်မိသားစု မြန်မာ့ရိုးရာရေကစားမဏ္ဍပ်သို့ ရောက်ရှိခဲ့ရာ DM-4 တေးဂီတအဖွဲ့က တီးခတ်ဖျော်ဖြေနေသည်ကို တွေ့ရသည်။

ရွှေသံလွင်မဏ္ဍပ်တွင် အနုပညာရှင်များဖြစ်သည့် ဆောင်းဦးလှိုင်၊ ဂျင်နီ၊ ဖိုးသောကြာ၊ သားစိုး၊ ဘိုဘို၊ သီရိဂျေမောင်မောင်၊ ဘရိတ်ကီ စသည်တို့က ဖျော်ဖြေပေးကြမည်ဖြစ်သည်။ ရွှေသံလွင်မဏ္ဍပ်အတွင်း အနုပညာရှင် ဖိုးသောကြာနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်တော်ကတော့ နေပြည်တော် သင်္ကြန်ပွဲတော်ရက်အတွင်း ဒီမဏ္ဍပ်မှာပဲ ဖျော်ဖြေမှာဖြစ်ပါတယ်။ တစ်ဦးတည်း အဆိုအပြင် ယိမ်းအကအဖွဲ့တွေနဲ့အတူလည်း သီဆိုဖျော်ဖြေသွားပါမယ်။ ပရိသတ်အကြိုက် သင်္ကြန်တေးတွေကို ရွေးချယ် သီဆိုသွားမှာပါ" ဟု သတင်းအဖွဲ့သို့ ပြောပြသည်။

ထို့နောက် မဏ္ဍပ်ရှေ့တွင် ရေပက်ခံနေသူများ၊ တေးသီချင်းနှင့်အတူ ကနေကြသူများနှင့် ရေပက်

"နေ့တိုင်း သီချင်းဆိုပြီး ဖျော်ဖြေသွားမယ်"
အကယ်ဒမီ အိန္ဒြာကျော်ဇင်။

နေကြသူများကိုကြည့်ကာ မြတ်တော်ဝင်မိသားစု မဟာသင်္ကြန် ရေကစားမဏ္ဍပ်သို့ ထွက်ခွာခဲ့သည်။ မြတ်တော်ဝင်မိသားစု ရေကစားမဏ္ဍပ်တွင် Lazy Club တေးဂီတနှင့်အတူ အနုပညာရှင်များဖြစ်သည့် L လွန်းဝါ၊ ရွှေထိုက်၊ ကျော်ရိုန်းနှင့် အခြားနာမည်ကြီးအဆိုတော်များ သီဆိုဖျော်ဖြေနေကြသည်ကို တွေ့ရသည်။

မြို့တော်ဝန်မဏ္ဍပ်

ဆက်လက်ပြီး နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်သို့ ရောက်ရှိခဲ့သည်။ တူညီဝတ်စုံဝတ်ဆင်ထားသော သင်္ကြန်ယိမ်းအကများဖြင့် ဖျော်ဖြေနေသလို စင်မြင့် တစ်ဖက်တစ်ချက်တွင် ရေပိုက်များဖြင့် ရေပက်ဖျန်းနေသည့် လုပ်ပိုင်ဖြူများကိုလည်း တွေ့ရသည်။ ရေပက်ခံနေကြသူများကိုလည်း သင်္ကြန်အပျော် အပြင်အဆင်များဖြင့် မြင်တွေ့ရသည်။

စည်ကား

နေပြည်တော် မဟာသင်္ကြန်ပွဲတော်ကား ရေကစားမဏ္ဍပ်များ၊ ရေပက်ခံထွက်ကြသူများ၊ တေးဂီတ ဖျော်ဖြေတင်ဆက်မှုများဖြင့် စည်ကားနေပြီ ဖြစ်သည်။ နေပြည်တော်ရှိ ပြည်သူများကား နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ဖြတ်သန်းလျက် ရှိနေကြပြီ ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

နေပြည်တော်ရှိ သင်္ဂဟဟိုတယ် သင်္ကြန်မဏ္ဍပ်၌ ရေပက်ခံသူများ၊ ရေပက်ခံကားများဖြင့် ဤသို့ ပျော်ရွှင်စွာ မြင်တွေ့ရသည်။

အတာသင်္ကြန် ရှုခင်းတစ်ကွက်

✻ နွေပန်းချီထက်
ရွှေရည်ပက်
ဝေစည်လျက် အတာသင်္ကြန်။

✻ နှစ်ဟောင်းချန် နှစ်သစ်ကူး
နှစ်ဦးအတာရေနဲ့
မာပါစေ သာစေကြောင်း
လောင်းကြ ပြန်လှန်။

✻ မြန်မာ့ဓလေ့ မြန်မာ့ဟန်
ရိုးရာအမှန် အမွေစစ်။

✻ ရွှေပြည်မြေ နယ်တစ်ဝန်းမှာ
ရွှေရည်တွေ သွယ်ဖြာတန်း
ထည်ဝါဆန်းသစ်။

မျိုးမြတ်မြတ်မြင့်မောင်

ရွှေ FM မိသားစု ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၃

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ရွှေ FM မိသားစု ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃နာရီက ရန်ကုန်မြို့ လသာမြို့နယ် ကျုံးကြီးလမ်းနှင့် ၁၉လမ်းထောင့်ရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအုန်းချို၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးနှင့် ရွှေ FM ဥက္ကဋ္ဌ ဒေါ်နန်းမောက်လောဝ်ဆိုင်တို့က မဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ထို့နောက် ရွှေ FM ရေသဘင်နန်းသီချင်းကို သီဆိုဖျော်ဖြေကြပြီး ရွှေ FM မိသားစု၊ Myanmar International School (MIS) နှင့် အာလာဒင်မိသားစုဝင်များက ပျော်ရွှင်စွာ ရေကစားကြသည်။

ကျွေးမွေးလှူဒါန်းမည်

ရွှေ FM မိသားစု ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်တွင် ဧပြီ ၁၃ရက်(သင်္ကြန်အကြိုနေ့)မှ ဧပြီ၁၆ရက်(သင်္ကြန်အတက်နေ့)အထိ နေ့စဉ် The Rays Music Band တေးဂီတအဖွဲ့၊ Hip Hop အဖွဲ့များ၊ ရုပ်ရှင်နှင့် ဗီဒီယိုအနုပညာရှင်များ၊ နာမည်ကျော်တေးသံရှင်များနှင့် ရွှေ FM အနုပညာရှင်များက ဖျော်ဖြေကြမည်ဖြစ်ပြီး သင်္ကြန်ရက်များအတွင်း နေ့စဉ် စတုဒိသာကျွေးမွေးလှူဒါန်းမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ရွှေ FM Radio Station ကို ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေ့စဉ် နံနက် ၅နာရီမှ ည၁၁နာရီအထိ (88.9) MHz ,(89.5) MHz နှင့် (89.8)MHz တို့မှ ဖမ်းယူနားဆင်နိုင်မည်ဖြစ်ပြီး အခြား ပြည်နယ်နှင့်တိုင်းများသို့ တိုးချဲ့ထုတ်လွှင့်နိုင်ရန် စီစဉ်လျက်ရှိသည်။ ကြော်ငြာထည့်သွင်းလိုသည့် စီးပွားရေးလုပ်ငန်းရှင်များသည် အမှတ် ၁၃၁/၁၃၃ ဗိုလ်တထောင်ဘုရားလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၈၅-၇၀၄၀၈နှင့် ဖုန်း-၀၉-၈၅-၆၆၂၇၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဖွား သွေးချင်းများ
တားဆီးကာကွယ် မီးရန်စွယ်

ထူးကဲသစ်လွင် အတာသဘင် နေပြည်တော်တစ်ခွင် အဆို အက အလှဆင်

သင်္ကြန်အကြိုနေ့က နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်ရေသဘင်မဏ္ဍပ်တွင် ရေပက်ကစားကြစဉ်။ (သတင်းစဉ်)

သင်္ကြန်အကြိုနေ့က နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ် ရေသဘင်မဏ္ဍပ်တွင် ရေပက်ကစားကြစဉ်။ (သတင်းစဉ်)

နေပြည်တော်ဟိုတယ်ဇုန်ရှိ မက်စ်မြန်မာကုမ္ပဏီဟိုတယ် ရေသဘင်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေမြန်မာ



နေပြည်တော်ဟိုတယ်ဇုန်ရှိ အမရာဟိုတယ် ရေသဘင်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

တော်ဝင် နေပြည်တော်ဟိုတယ် ရေသဘင်မဏ္ဍပ်

နေပြည်တော်ဟိုတယ်ဇုန်ရှိ တော်ဝင်နေပြည်တော်ဟိုတယ် ရေသဘင်မဏ္ဍပ် ဖွင့်ပွဲကျင်းပရာ ယိမ်းအဖွဲ့များက ကပြဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

ရတနာသိမ်ဟိုတယ် ရေသဘင်မဏ္ဍပ်

နေပြည်တော် ဟိုတယ်ဇုန်ရှိ ရတနာသိမ်ဟိုတယ် ရေသဘင်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေမြန်မာဟိုတယ် ရေသဘင်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။
(သတင်းစဉ်)

သင်္ကြန်အကြိုနေ့က နေပြည်တော်ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ် ရေသဘင်မဏ္ဍပ်တွင် ရေပက်ကစားကြစဉ်။ (သတင်းစဉ်)

ရွှေနန်းတော်ဟိုတယ် ရေသဘင်မဏ္ဍပ်

နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ် ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

သင်္ကြန်အကြိုနေ့က နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေသံလွင် ကုမ္ပဏီ ရေသဘင်မဏ္ဍပ်တွင် ရေပက်ကစားကြစဉ်။

(သတင်းစဉ်)

၁၃၇၁ ခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားတွင် ယိမ်းအကအဖွဲ့များက ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

ရခိုင်ရိုးရာသင်္ကြန်ပွဲတော်

လေးဝတီကျော်

ရခိုင်တိုင်းရင်းသားများသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသဖြင့် ဗုဒ္ဓဘာသာ နေ့ကြီးရက်ကြီးများတွင် ပွဲလမ်းသဘင်များ ကျင်းပလေ့ရှိကြပါသည်။ ကျင်းပလေ့ရှိသော ပွဲလမ်းသဘင်များထဲတွင် ရိုးရာသင်္ကြန်ပွဲတော်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်သည်ကား တစ်မူထူးခြားပါသည်။ သင်္ကြန်အကြိုနေ့တွင် ရေပက်ကစားခြင်း မပြုကြရပါ။ အထူးသဖြင့် ဘုရားရေသပ္ပာယ်မပြီးမချင်းတစ်ဦးနှင့်တစ်ဦး ရေပက်ကစားခြင်းမပြုကြရပါ။ သင်္ကြန်ပွဲတော်ကျင်းပခြင်းကို နံ့သာသွေးပွဲ၊ ဘုရားရေ သပ္ပာယ်ပွဲနှင့် ရေပက်ကစားပွဲဟူ၍ အဆင့်သုံးဆင့်ဖြင့် ကျင်းပလေ့ရှိကြပါသည်။

နံ့သာသွေးပွဲ

သင်္ကြန်အကြိုနေ့တွင် ဘုရားရေသပ္ပာယ်ရန်အတွက် အကြိုနေ့မတိုင်မီ ညဉ့် အမွှေးနံ့သာများ သွေးလေ့ရှိကြပါသည်။ ထိုသို့ အမွှေးနံ့သာသွေးရာသို့ ရပ်ရွာထဲရှိ အပျိုကလေးများက လာရောက်နံ့သာသွေးကြသကဲ့သို့ လူပျိုကာလသားများကလည်း အတီးအမှုတ်၊ အကအခုန်များဖြင့် ပျော်ပျော်ပါးပါး လာရောက်နံ့သာသွေးလေ့ရှိကြပါသည်။ ရခိုင် တိုင်းရင်းသားတို့အခေါ်အားဖြင့် **"နံ့သာသွီးပွေး"**ဟု ခေါ်ပါသည်။

ဘုရားရေသပ္ပာယ်ပွဲ

ဘုရားရေသပ္ပာယ်ပွဲကို သင်္ကြန်အကြိုနေ့တွင် ကျင်းပလေ့ရှိကြပါသည်။ ဘုရားရေသပ္ပာယ်ရန် ရပ်ရွာထဲမှ အပျိုရွယ်လုံမငယ်များသည် နံ့သာခွက် ကိုယ်စီ ခေါင်းမှာရွက်၍လည်းကောင်း၊ တချို့က ဆွမ်းအုပ်များရွက်၍ လည်းကောင်း မိမိတို့ကိုးကွယ်ရာ ဘုန်းတော်ကြီးကျောင်းသို့ သွားကြပါသည်။ သင်္ကြန်သံချပ်များ၊ သင်္ကြန်တေးများသီဆိုလျက် အတီးအမှုတ်အစုံဖြင့် တပျော်တပါးကခုန်လိုက်ပါလေ့ ရှိကြပါသည်။

သတ္တမအကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူယာဉ်မောင်းသင်ကွင်းအတွင်း၌ ကျင်းပလျက်ရှိရာ သင်္ကြန်အကြိုနေ့က ရမ်းဗြဲမြို့နယ်အသင်းကိုယ်စားပြု ရမ္မာဝတီလုပျိုဖြူများ ရေကစားမဏ္ဍပ်တွင် လောင်းလှေကြီးများဖြင့် ဤသို့ ပျော်ရွှင်စွာ ရေပက်ကစားကြသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဘုန်းတော်ကြီးကျောင်းသို့ ရောက်သောအခါ မိန်းကလေးများက ရေတွင်း၊ ရေကန်များမှ ရေများကို ရေအိုးများဖြင့် ဆွဲငင်ခပ်ယူပေးလေ့ရှိကြပြီး လူငယ်ကာလသားများက ကျောင်းကိုရေဆေးကြောသန့်စင်ခြင်း၊ ကျောင်းရှိ ဗုဒ္ဓရုပ်ပွားတော်များနှင့် စေတီပုထိုးများကို ရေသပ္ပာယ်ခြင်း၊ နံ့သာရေမွှေးဖြင့် ပက်ဖျန်းခြင်းစသည့် ကောင်းမှုကုသိုလ်အစုစုတို့ကို ပြုလုပ်လေ့ရှိကြပါသည်။ ယင်းနောက် ပြန်လာကြပြီး အတီးအမှုတ်၊ အကအခုန်တို့ဖြင့် ရပ်ရွာအတွင်း လှည့်လည်ကာ သက်ကြီးရွယ်အိုများအား ရေချိုးပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းညှပ်ပေးခြင်း စသည့်ကောင်းမှုများ ပြုလုပ်လေ့ရှိကြပါသည်။ ဘုရားရေသပ္ပာယ်ပြီးလျှင် တစ်ဦးနှင့်တစ်ဦး ရေပက်ကစားနိုင်ကြပါသည်။

ရေပက်ကစားပွဲ

ရခိုင်ရိုးရာရေပက်ကစားခြင်းကို ကျင်းပရာတွင် ရခိုင်လုပျိုဖြူကလေးများသည် မိမိတို့မဏ္ဍပ်တွင်းမှ ထိုင်စောင့်နေကြရပြီး လူငယ်ယောကျ်ားကလေးများက မဏ္ဍပ်တစ်ခုပြီးတစ်ခု လှည့်ပတ်၍ လာရောက်ကစားလေ့ရှိကြပါသည်။ သင်္ကြန်ရေကစားမဏ္ဍပ်များကို ရပ်ရွာ သို့မဟုတ် ရပ်ကွက်အတွင်းရေပက်ကစားကြမည့် အမျိုးသမီးအရေအတွက်ကိုလိုက်၍ ဆောက်လုပ်လေ့ရှိကြပါသည်။ မဏ္ဍပ်တစ်ခုလျှင် ရခိုင်လုံမငယ် ၂၀မှ ၅၀အထိပါဝင်လေ့ရှိပြီး ငွေကြေးအခြေအနေကိုလိုက်၍ ရပ်ကွက်အတွင်း မဏ္ဍပ်အနည်းအများကွာခြားလေ့ရှိကြပါသည်။ ရေကစားမဏ္ဍပ်များတွင် ရေထည့်ရန် လောင်းလှေကြီးများကို တင်ထားပြီး လောင်းလှေကြီးများတွင် ရေအပြည့်ဖြည့်ကာ ရေပက်ခံ မိန်းကလေးများက လောင်းလှေကို မျက်နှာမူလျက် မဏ္ဍပ်ကို ကျောပေးကာ ရေခွက်ကိုယ်စီဖြင့် ထိုင်နေကြရပါသည်။ ရေကစားကြမည့် လူငယ်ကာလသားများက ထိုင်နေသည့် မိန်းကလေးများအနက် မိမိရေပက်ကစားလိုသည့် မိန်းကလေးကိုရွေးချယ်ပြီး ခေါ်ယူရေပက်ကစားနိုင်ပါသည်။ ဤသို့ခေါ်ယူရာမှာ ထိုင်နေသော မိန်းကလေး၏ကျောပြင်ကို မိမိတွင်အသင့်ပါလာသော ရေခွက်ထဲမှ ရေဖြင့်အသာအယာပက်ဖျန်းလိုက်ပြီး ရခိုင်ဘာသာဖြင့် **"မရီးရီတစီချေပီးပါ"** ညီမ ရေနည်းနည်းပေးပါဟု ယဉ်ကျေးစွာတောင်းရပါသည်။ နောက်ကျောပေးထားသည့် ရေပက်ခံမိန်းကလေးကလည်း မိမိအား ခေါ်ယူလိုက်သည်ကို သိရှိလိုက်ပြီး မိမိရှေ့ရှိ လောင်းလှေထဲမှရေကို လက်ထဲမှ ဖလားဖြင့်ခပ်ယူကာ လုလင်ပျို၏ ရေပုံးထဲသို့ ရေဖြည့်ထည့်ပေးရပါသည်။ ဤသို့အားဖြင့် တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်ကာ ရေပက်ကစားကြရပါသည်။ ဤသို့ရေပက်ကစားရင်း ရခိုင်လူမျိုးတို့သည် ဤအချိန်အခါတွင် အခြားအချိန်များထက် စကားစမြည်ပြောဆိုပြီး ယဉ်ကျေးစွာရေပက်ကစားနိုင်ကြပါသည်။

ရိုးရာသင်္ကြန်ပွဲဆင်နွှဲရန်အတွက် ရခိုင်လူငယ် ယောကျ်ားကလေးများသည် အုပ်စုအလိုက် အစုအသင်းဖွဲ့ကာ လာရောက်လေ့ရှိကြပါသည်။ တချို့မှာ နွားလှည်းဖြင့်၊ တချို့မှာ မော်တော်ကားဖြင့် အသီးသီးလာရောက်ကြခြင်းဖြစ်ပါသည်။ အဖွဲ့တိုင်းတွင် တီးဝိုင်းများပါလာကာ မဏ္ဍပ်တစ်ခုမှတစ်ခုသို့ အကူးတွင် သီဆိုတီးမှုတ်ကခုန်ကာ သွားကြလေ့ရှိကြသည်။ ရခိုင်လူငယ်တို့ သီဆိုကြသော သင်္ကြန်သံချပ်များနှင့် သင်္ကြန်တေးသီချင်းများမှာ ရိုးရာအစဉ်အလာအရ သီဆိုကြခြင်းအပြင် ခေတ်ကိုသရော်သည်လည်းပါသကဲ့သို့ ခေတ်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို ထင်ဟပ်ဖော်ကျူးသည်များလည်း ပါဝင်ပါသည်။ မိမိတို့ အမြင်မတော်သောအရာများကို သရော်မည်၊ ရှုတ်ချမည်၊ အကောင်းကို ဖော်ကျူးမည် စသည်တို့ကား သင်္ကြန်အသင်းအဖွဲ့တို့၏ လုပ်လေ့လုပ်ထရှိသော ဆိုလေ့ဆိုထရှိသော သံချပ်များ၊ သီချင်းများပင် ဖြစ်ပါသည်။

ရခိုင်ရိုးရာသင်္ကြန်ပွဲတော်သည် ပျော်ရွှင်စရာအလွန်ကောင်းသော၊ စည်းကမ်းသေသပ်သော ပွဲတော်တစ်ခုဖြစ်ပါသည်။ ရခိုင်ရိုးရာသင်္ကြန် ပွဲတော်၏ စည်းကမ်းချက်များအနက်မှ သိသင့်သောအချက်တချို့ကို ဖော်ပြရလျှင် -

- သင်္ကြန်မဏ္ဍပ်တွင် ရေပက်ကစားသော မိန်းမပျိုသည် ရေဖလားကိုယ်စီဖြင့် ရေအပြည့်ဖြည့်ထားသော လောင်းလှေကို မျက်နှာမူပြီး ရေပက်လာသူကိုကျောပေး၍ ထိုင်နေကြရသည်။
- မိမိကျောပြင်ကို ရေပက်ဖျန်း၍ ရေတောင်းလာသူ ယောကျ်ားပျိုအား မိမိကကြိုက်နှစ်သက်သည်ဖြစ်စေ မကြိုက်နှစ်သက်သည် ဖြစ်စေ ရေပေး၍ အပြန်အလှန်ရေပက် ကစားကြရသည်။
- ရေပက်နေသူ ယောကျ်ားပျိုကရေတောင်းပြီး ဆက်လက်ပက်နေသရွေ့ မိမိကလည်း ဆက်လက်ပက်နေရသည်။ ရေပက်ခြင်းရပ်တန့်၍ အတွင်းသို့ဝင်သွားခြင်း၊ ရေမပေးဘဲ ပြန်ထိုင်နေခြင်း မပြုလုပ်ရပါ။
- ရေပက်ရန်လာရောက်ကြသော သင်္ကြန်အသင်းအဖွဲ့များသည် ရေပုံး၊ ရေခွက်များ ကိုယ်စီပါလာကြရပါသည်။ မဏ္ဍပ်မှ ရေပုံး၊ ရေခွက် ငှားရမ်းခြင်းမပြုလုပ်ကြရပါ။
- သင်္ကြန်အသင်းအဖွဲ့အသီးသီးတို့သည် မိမိတို့နှင့်အတူ အန္တရာယ်ဖြစ်စေနိုင်သော လက်နက်ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်လာခြင်း မပြုကြရသည့်အပြင် မဏ္ဍပ်မှ သတ်မှတ်ထားသော စည်းကမ်းချက်များကိုလည်း လိုက်နာကြရပါသည်။

ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်သည် ပျော်ရွှင်စရာအလွန်ကောင်းသော၊ စည်းကမ်းသေဝပ်သော၊ ယဉ်ကျေးသိမ်မွေ့သော ပွဲတော်တစ်ခုဖြစ်ပါသည်။ ရခိုင်တိုင်းရင်းသားများသည် မိမိတို့၏ ကောင်းမြတ်သော ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို အစဉ်ထိန်းသိမ်းမြှင့်တင်နေကြရမည် ဖြစ်သည်။ ရခိုင်ရိုးရာသင်္ကြန်ပွဲတော် အစဉ်အလာတစ်ရပ်ကို ပြည်ထောင်စုသွေးချင်းများလေ့လာသိရှိနိုင်ရန် ယဉ်ကျေးမှု ပေါင်းကူးအဖြစ် တင်ပြလိုက်ရပါသည်။ ။

မဟာသင်္ကြန် မြန်မာဟန်

ပုဂံခေတ်ဦး၊ နှစ်သစ်ကူးချိန်
ပွင့်ဖူးရောက်လာ၊ ပိတောက်ဝါနှင့်
သင်္ဂါရွှေရည်၊ ကံ့ကော်စည်ခဲ့
ရေသီတာသဘင်၊ ညီညာဆင်နွှဲ
ရိုးရာပွဲတော်၊ စဉ်မြဲပျော်စေ
ပူဇော်ဘိုးဘွား၊ မိဘများပေါ်
ခေါင်းလျှော်ရေချိုး
ခြေသည်းလက်သည်း၊ ညင်သာလှီးဖြတ်
ခိုင်ဖြိုးစားဖွယ်၊ အသွယ်သွယ်ဖြင့်
လှုံ့ပယ်ကျွေးမွေး၊ လှူဒါန်းပေးကြ
ရှေးခါသင်္ကြန်၊ မြန်မာ့ဟန်တည့်။

ဘုရားကျောင်းကန်၊ ဇရပ်ထံဝယ်
နိဗ္ဗာန်ရည်စူး၊ တရားထူးနာ
ဥပုသ်သီလ၊ ဆောက်တည်ကြလို့
ဒါနထူးခြား၊ ပီတိများဖြင့်
သားငါးတိရစ္ဆာန်၊ ဘေးမဲ့ရန်တွက်
ဖုံသံခြိမ့်သဲ လွှတ်သည့်ပွဲကို
ဆင်နွှဲမြင့်မြတ် မြန်မာ့စိတ်ဓာတ်တည့်။

ရေလောင်း ရေပက်၊ ပွဲတော်ရက်ဝယ်
ငွေခွက်မှာလေ၊ နံ့သာရေနှင့်
သပြေပန်းလှ၊ ရေဖျန်းကြလို့
ချမ်းမြပျော်ရွှင်၊ ရေလောင်းချင်က
မိခင်,ဖထံ၊ ခွင့်တောင်းခံ၍
ဟန်ပန်ယဉ်ကျေး၊ ရေစင်မွှေးဖြင့်
ဖြည်းဖြည်းညင်သာ၊ သွန်းလောင်းပါသည်
ရိုးရာအလှစုံ၊ မြန်မာ့ဂုဏ်တည့်....။

အကမုဒြာ၊ ကြည့်ရှုပါက
နုစွာသွဲ့ပျောင်း၊ ဟန်နွဲ့နှောင်းလို့
ခေါင်းခါးခြေလက်၊ ကကြိုးညက်စွာ
ခက်ဖြာလှတိုး၊ မြန်မာ့ "ဒိုး"သံ
မိုးယံကျူးလို့၊ ရွှင်မြူးဖို့ပင်
တူးပို့သံပြိုင်၊ ယနေ့တိုင်တည့်....။

ရိုးရာသင်္ကြန်၊ မြန်မာ့ဟန်သည်
လှမှန်စစ်စွာ၊ နှစ်ရှည်ကြာခဲ့
ရိုးရာဖျက်ဆီး၊ ဆို,က,တီးတွေ
နည်းမျိုးစုံလင်၊ ပူးကပ်ဝင်လာ
ဆန့်ကျင်နှင်ထုတ်၊ ဝင်မရှုပ်အောင်
သရုပ်ပျက်ယဉ်ကျေးမှု၊ လူငယ်ထုမှ
ရှေးရှုဖယ်ခွာ၊ မတွယ်တာနှင့်
မဟာသင်္ကြန်ပွဲ၊
မြန်မာဟန်ပဲတည်စေချင်တကား ....။ ။

ပျဉ်းမနားမြင့်လှိုင်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၄-၂၀၁၀ (ဗုဒ္ဓဟူးနေ့)
မဟာသင်္ကြန်အကျနေ့

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၀	၂။	အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	ခါသင်္ကြန်အဆိုအကများ
၈:၀၀	၆။	ခါသင်္ကြန်အဆိုအကများ
၈:၂၀	၇။	ခါသင်္ကြန်အဆိုအကများ
၈:၄၀	၈။	International News
၈:၄၅	၉။	ဆယ်စုနှစ်က ခါသင်္ကြန်
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	ခါသင်္ကြန်အဆိုအကများ
၄:၂၅	၃။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၃၀	၄။	ခါသင်္ကြန်အဆိုအကများ
၄:၄၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၀၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၅	၇။	သီချင်းကြီးပဒေသာ
၅:၁၅	၈။	ခါသင်္ကြန်အဆိုအကများ
၅:၃၀	၉။	ချစ်စရာ့တာသင်္ကြန်
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၁၅	၁၁။	မိုးလေဝသ အခြေအနေ
၆:၂၀	၁၂။	ခါသင်္ကြန်အဆိုအကများ
၆:၄၀	၁၃။	ရောင်စုံရေးသီတေးပန်းချီ
၇:၀၀	၁၄။	ခါသင်္ကြန်အဆိုအကများ
၇:၃၀	၁၅။	ခါသင်္ကြန်အဆိုအကများ
၈:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	ရုပ်မြင်သံကြားဇာတ်လမ်း **တန်ခူးလမှာရက်ရာဇာ** စုမီ၊ သဉ္ဇာဝင့်ကျော် (ဒါရိုက်တာ-ကျော်ဇောလင်း၊ အတွေးပုံရိပ်)
	၂၀။	အစီအစဉ်ပြီး၏။

ဘဝနတ်ထံ ပျံလွန်တော်မူသော မကွေးဆရာတော်ကြီး ဘဒ္ဒန္တကုမာရ၏ ဥတုဇရုပ်ကလာပ်တော်အား အန္တိမစျာပနသာစုကီဋ္ဌန ပူဇာသဘင်ကျင်းပ

နေပြည်တော် ဧပြီ ၁၃

ဘဝနတ်ထံ ပျံလွန်တော်မူသော သက်တော်(၈၈)နှစ် သိက္ခာတော် (၆၈)ဝါရှိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ အဓိပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကြီး၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၏ ဥတုဇရုပ်ကလာပ်တော်အား သာသနာတော်ထုံးတမ်းစဉ်လာများနှင့်အညီ အန္တိမစျာပနသာစုကီဋ္ဌန ပူဇာသဘင်အခမ်းအနားကို ဧပြီ ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ကြီး၌ကျင်းပပြီး ဥတုဇရုပ်ကလာပ်တော်အား မကွေးမြသလွန်စေတီတော် ဘုရားပွဲတော်ကွင်းအတွင်းရှိ လောင်တိုက်တော်၌ တေဇောဓာတ်ဖြင့် အဂ္ဂိစျာပန မီးပူဇော်ကြသည်။

တက်ရောက်ကြည်ညို

အန္တိမစျာပနသာစုကီဋ္ဌန ပူဇာသဘင်အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာ ပဏ္ဍိတ ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုတော်မူသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ရပ်နီးရပ်ဝေးမှ ဆရာတော်ကြီးများ၊ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်၊ တိုက်အုပ်ဆရာတော်နှင့် နာယကဆရာတော်များ၊ စာချစာသင်ဆရာတော် သံဃာတော်များ၊ ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များကြွရောက်၍ သံဝေဂ ဉာဏ် ပွားများတော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနယ်မြေခံတပ်နယ်မှဗိုလ်မှူးချုပ်စိုးထွဋ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အန္တိမအဂ္ဂိစျာပန ကျင်းပရေးကော်မတီဝင်များ၊ သာသနာ့ဝန်ထမ်းသီလရှင်များ၊ ဆရာတော်ကြီး၏ ဆွေတော် မျိုးတော်များ၊ လူမှုရေးနှင့် ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဝတ်အသင်း အဖွဲ့ဝင်များ၊ တပည့်ဒါယကာဒါယိကာမများ၊ အလှူရှင်များနှင့် ဒေသခံ

ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား မင်္ဂလာနတ်မြင်းပျံရထားဖြင့် လောင်တိုက်တော်တည်ရာ မကွေးမြသလွန်စေတီတော် ဘုရားပွဲတော်ကွင်းသို့ ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များ ခြံရံလိုက်ပါပူဇော်လျက် ပင့်ဆောင်ကြစဉ်။ (သတင်းစဉ်)

လွှမ်းခြုံပူဇော်

သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၏ ဆရာတော်ကြီး ဘွဲ့ပုံတော် စိန်ကတ္တီပါကို ဥတုဇရုပ်ကလာပ်တော်ပေါ်၌ လွှမ်းခြုံပူဇော်စဉ်။ (သတင်းစဉ်)

အမျှပေးဝေ

ယင်းနောက် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ ဒေ့ပရိသတ်တို့က ဓမ္မသံဝေဂကထာ တရားနာကြားကြ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မကွေးမြို့ သံဃာရာမကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစိန္တာသာရက ကြည်ညိုဖွယ်စုံ ဆရာဂုဏ်စာတမ်းကိုလည်းကောင်း၊ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် စာချဂဏဝါစက ဆရာတော်များက ဓမ္မသံဝေဂ ဂါထာကိုလည်းကောင်း ဖတ်ကြားပူဇော်ကြသည်။

အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားပြီး ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား မင်္ဂလာနတ်မြင်းပျံရထားပေါ်သို့ အစီအစဉ်အတိုင်း ပင့်ဆောင်ကြသည်။

ဒေဝါဝင်း၊ ရာဇာဝင်း

ဆက်လက်၍ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား မင်္ဂလာနတ်မြင်းပျံရထားဖြင့် လောင်တိုက်တော်တည်ရှိရာ မကွေးမြသလွန်စေတီတော် ဘုရားပွဲတော်ကွင်းသို့ ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များ ခြံရံလိုက်ပါလျက် ပင့်ဆောင်ကြသည်။

ထို့နောက် မကွေးမြသလွန်စေတီတော် ဘုရားပွဲတော်ကွင်းသို့ မင်္ဂလာနတ်မြင်းပျံရထား ဆိုက်ရောက်သောအခါ ဆရာတော်

ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား အဂ္ဂိစျာပန တေဇောဓာတ်ဖြင့် ပူဇော်စဉ်။ (သတင်းစဉ်)

ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များနှင့် ဒေ့ပရိသတ်တို့က "သဗ္ဗေသင်္ခါရာ အနိစ္စာတိ" အစချီသော သံဝေဂသုံးဂါထာအား ရွတ်ဆိုပွားများကြ၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ဒေ့ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

လွှမ်းခြုံပူဇော်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ တိုင်းဥက္ကဋ္ဌဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူတို့က ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၏ ဆရာတော်ကြီး ဘွဲ့ပုံတော် စိန်ကတ္တီပါစကို ဥတုဇရုပ်ကလာပ်တော်ပေါ်၌ လွှမ်းခြုံပူဇော်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဝေဂဉာဏ်ပွားတော်မူကြောင်း သဝဏ်လွှာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သထုံဆရာတော် ဘဒ္ဒန္တသိရိန္ဒကလည်းကောင်း၊ ပခုက္ကူ မဟာဝိသုတာရာမဂိက ဂဏဝါစက ဗဟိုဌာနမှ ပေးပို့သော သံဝေဂတရား ဖြစ်ပွားတော်မူကြောင်း မှတ်တမ်းတင်သဝဏ်လွှာကို နိုင်ငံတော်ဩဝါဒါစရိယ ပခုက္ကူမြို့ မဟာဝိသုတာရာမ (အလယ်)တိုက် ဂဏမဟာဝိနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရကလည်းကောင်း ဖတ်ကြားကြသည်။

ဖတ်ကြား

ထို့နောက် ထိုင်းနိုင်ငံ သံဃာ့ရာဇာဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဉာဏသံဝရက ပေးပို့သည့် ဓမ္မသံဝေဂ သဝဏ်လွှာကို ထိုင်းနိုင်ငံ ချူလာလောင်ကွန် သံဃာ့တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော်က ဖတ်ကြားသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန၏ ဝမ်းနည်းကြောင်း သဝဏ်လွှာကို သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က ဖတ်ကြားသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား ဝန်ကြီးနှင့် တာဝန်ရှိသူတို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက သံရုံးများမှ ပေးပို့သော ဝမ်းနည်းကြောင်း သဝဏ်လွှာများကို ဖတ်ကြားကြပြီး ဘာသာရေးအသင်းအဖွဲ့ဝင်များက ဝမ်းနည်းကြောင်းသဝဏ်လွှာကို ဖတ်ကြားကြသည်။

တောင်းပန်ကန်တော့

ဆက်လက်၍ အဆိုတော်ဒေါ်ရီရီသန့်နှင့်အဖွဲ့က သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသူရရေးစပ်သော ရတု၊ တေးထပ်များဖြင့် သီကျူးပူဇော်သည်။ ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပခုက္ကူမြို့ မဟာဝိသုတာရာမ(အလယ်)တိုက် နာယက အဂ္ဂမဟာ ဂဏ္ဍဝါစကပဏ္ဍိတ ဘဒ္ဒန္တသောဘနက ပစ္ဆိမဝန္ဒနာဂါထာကို ဖတ်ကြားပူဇော်ပြီး မကွေးမြို့ အောင်ပုံတောရဆရာတော် ဓမ္မကထိက ဘဒ္ဒန္တကုဏ္ဍက က အပြစ်ရှိက ခွင့်လွှတ်တော်မူပါရန် တောင်းပန်ကန်တော့လွှာကို ပရိသတ်များအား တိုင်ကြားပေး၍ ဆရာတော်ကြီးအား နောက်ဆုံး တောင်းပန်ကန်တော့ကြသည်။

ယင်းနောက် သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသူရက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား မင်္ဂလာနတ်မြင်းပျံရထားပေါ်သို့ ကြွချီတော်မူပါရန် ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား နတ်မင်းကြီးလေးပါးတို့က ထီးဖြူမိုး၍ အစီအစဉ်အတိုင်း လောင်တိုက်တော်သို့ ပင့်ဆောင်ကြသည်။

ယင်းနောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ကျွမ်းကျင်သူ ဦးမင်းကြည်က ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား လောင်တိုက်တော်ပေါ်သို့ ကြွချီတော်မူပါမည့်အကြောင်း အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားသည်။

မီးပူဇော်

ထို့နောက် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဝန်ကြီးနှင့်တာဝန်ရှိသူတို့က နတ်ပန်းရထားပေါ်သို့ ပင့်ဆောင်ပေးကြပြီး လောင်တိုက်ပေါ်၌ အသင့်ဖြစ်သောအခါ ဆရာတော် သံဃာတော်များက ဦးဆောင်၍ ဒေ့ပရိသတ်အပေါင်းက "အနိစ္စာ ဝတ သင်္ခါရာ" အစချီသော သံဝေဂ သုံးဂါထာကို ရွတ်ဆို ပွားများကြလျက် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား တေဇောဓာတ်ဖြင့် အဂ္ဂိစျာပန မီးပူဇော်ကြကာ သံဝေဂဉာဏ် ကိုယ်စီပွားများကြ၍ ညပိုင်းတွင် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကန့်ဘလူအထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၃

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၂၄ရက်(စနေနေ့) နံနက် ၉နာရီတွင် ကန့်ဘလူမြို့ အထက(၁) ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အခမ်းအနားသို့ အထက၊ အမက(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)တို့တွင် သက်ပြည့်အငြိမ်းစားယူခဲ့ကြသော အပူဇော်ခံဆရာ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန်၊ ရပ်နီးရပ်ဝေးမှ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး စုံညီစွာ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေများကို ရန်ကုန်မြို့ ဦးလှမြင့်(ကိုချူး)ဖုန်း-၀၉-၆၄၆၆၄၇၊ ဦးစိုးမြင့်(ရာသက်ပန်)ဖုန်း-၀၉-၈၆၂၄၃၅၂၊ ဖိုးချစ် (ရန်ကုန်) ဖုန်း-၀၉-၅၅၃၅၃၅၅၊ ရော့ထက်(ရန်ကုန်) ဖုန်း-၀၉-၅၀၆၄၁၄၆၊ မန္တလေးမြို့မှ ဦးမောင်မောင်ဦး ဖုန်း-၀၉-၂၀၄၄၂၆၃၊ ဦးနေမျိုးအောင် ဖုန်း-၀၉-၆၉၇၁၁၅၂၊ ၀၉-၂၀၃၃၄၄၃၊ စစ်ကိုင်းမြို့ ဦးအောင်ကျော်နိုင် ဖုန်း-၀၉-၂၀၁၀၆၀၁၊ ရွှေဘိုမြို့ ဦးတင်ထွန်းဦး ဖုန်း-၀၉-၂၀၁၀၁၃၇၊ မုံရွာမြို့ ဦးမျိုးမင်းထိုက် ဖုန်း-၀၉-၅၀၈၆၂၆၂၊ ဦးမောင်မောင်စိုး ဖုန်း-၀၉-၂၀၀၁၂၆၂၊ ကန့်ဘလူမြို့ ဦးဉာဏ်မင်းထွန်း ဖုန်း-၀၉-၆၄၆၆၁၀၆၊ ဦးအောင်ဆန်းဦး ဖုန်း-၀၇၅-၂၇၃၁၇နှင့် ဦးဇော်လင်းထွန်း ဖုန်း-၀၇၅-၂၇၂၅၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(၁၃၅)***

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူတို့က ဆရာတော်ကြီး၏ သရီရ ဓာတ်ပြာတော်များကို ဧရာဝတီမြစ်အတွင်း ရေမျှောပူဇော်စဉ်။ (သတင်းစဉ်)

ဘဝနတ်ထံ ပျံလွန်တော်မူသော မကွေးဆရာတော်ကြီး ဘဒ္ဒန္တကုမာရ၏ သရီရဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်း

သရီရဓာတုပဝါဟန ပူဇာသဘင်ကျင်းပ

နေပြည်တော် ဧပြီ ၁၃

ဘဝနတ်ထံ ပျံလွန်တော်မူသော မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကြီး၏ ဦးစီးပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘဒ္ဒန္တကုမာရ၏ သရီရဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်း သရီရဓာတုပဝါဟနပူဇာသဘင် အခမ်းအနားကို ယနေ့နံနက် ၆နာရီခွဲတွင် မကွေးမြသလွန် စေတီတော် ဘုရားပွဲတော်ကွင်း၌ကျင်းပရာ ရှေးဦးစွာ ဆရာတော် သံဃာတော်များနှင့် ဧည့်ပရိသတ်တို့က “ သဗ္ဗေ သင်္ခါရာ အနိစ္စာတိ” အစရှိသော သံဝေဂ သုံးဂါထာအား ရွတ်ဆိုပွားများကြ၍ အခမ်းအနားကို ဖွင့်လှစ်သည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ဆရာတော်ကြီး၏ တပည့်သံဃာတော် ကိုးပါးတို့က ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော် ရတနာရွှေအိုးကို သာသနာရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ် သူရမြင့်မောင်ထံ ဆက်လက်လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ကျွမ်းကျင်သူ ဦးမင်းကြည်က ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော်များကို သရီရဓာတုပဝါဟန ပူဇာသဘင်ဆင်ယင်ကျင်းပ ပူဇော်ခွင့်ပြုတော်မူပါမည့်အကြောင်း အဘိယာစနနိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားသည်။

ပင့်ဆောင်

ဆက်လက်၍ ဆရာတော်ကြီး၏ သရီရ ဓာတ်ပြာတော်များကို လောင်တိုက်တော်မှ မကွေးမြို့ မြသလွန်စေတီတော် ဘုရားပွဲတော်ကုန်း ဆိပ်ကမ်းရှိ မဏ္ဍပ်တော်သို့ အစီအစဉ်အတိုင်း ပင့်ဆောင်ကြသည်။

ထိုမှတစ်ဆင့် ဆရာတော်ကြီး၏ သရီရ ဓာတ်ပြာတော် ရတနာရွှေအိုးကို အသင့်ဆိုက်ကပ်ထားသော ကရဝိက်ရေယာဉ်ပေါ်သို့ ပင့်ဆောင်ကြသည်။

ရေမျှောပူဇော်

ထို့နောက် ဆရာတော်ကြီး၏ သရီရ ဓာတ်ပြာတော်များကို ပင့်ဆောင်လာသော ကရဝိက်ရေယာဉ်သည် ရေယာဉ်တန်းများ ခြံရံလျက် ဧရာဝတီမြစ်အတွင်းရှိ သတ်မှတ်နေရာသို့ အရောက်တွင် ဆရာတော် သံဃာတော်များ ဦးဆောင်သော ပရိသတ်တို့က “ အနိစ္စာ ဝတ သင်္ခါရာ ” အစရှိသော သံဝေဂ သုံးဂါထာကို ရွတ်ဆို၍ သံဝေဂဉာဏ် ပွားများတော်မူကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် တာဝန်ရှိသူတို့က ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော်များကို ဧရာဝတီမြစ်အတွင်း ရေမျှောပူဇော်ကြကာ သရီရဓာတု ပဝါဟန ပူဇာသဘင်အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၄-၄-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၀ ၇။ ခါသင်္ကြန်အဆို၊ အကများ
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ တရားတော်
- ၄း၃၅ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၄၀ ၅။ မြဝတီမဂ္ဂဇင်းကဏ္ဍ
- ၄း၅၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၅ ၇။ ခါသင်္ကြန်အဆို၊ အကများ
- ၅း၀၀ ၈။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၉။ ကျွန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅း၁၅ ၁၀။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၂၅ ၁၁။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၃၀ ၁၂။ ခါသင်္ကြန်အဆို၊ အကများ
- ၅း၄၅ ၁၃။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၅။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၆။ လျှပ်တစ်ပြက်
- ၆း၃၅ ၁၇။ Mail Box
- ၆း၄၅ ၁၈။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၃)
- ၇း၀၀ ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ** (ဇာတ်သိမ်းပိုင်း)
- ၈း၀၀ ၂၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၁။ နိုင်ငံတကာသတင်း
- ၂၂။ မိုးလေဝသသတင်း
- ၂၃။ အမျိုးသားရေးတေးကဗျာ
- ၂၄။ ရယ်ရွှင်စရာဟာသပဒေသာ **မမတို့ကမည့် သင်္ကြန်ပွဲ(၂)** ဟန်ဇာမိုးဝင်း၊ သူရလင်း၊ အုန်းသီး၊ အကယ်ဒမီခင်မို့မို့အေး၊ ကစ်ကစ်၊ ကြူကြူသင်း (ဒါရိုက်တာ- မောင်ပြည့်ဝ၊ ပန်းဝေသီ)
- ၂၅။ အိုင်စီတီသုတ
- ၂၆။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘာသည်းတွင်မည့် ချင်သူ့ရဲ့ကောင်း** (အပိုင်း-၁၁)

သင့်သွေးဖြင့် အသက်ကယ်ပါ

ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း

မဟာသင်္ကြန် ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဧပြီ ၁၃

ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းက ကြီးမှူး၍ KAUNG MYAT Companies (KM Golf Centre) က အဓိကကူညီပံ့ပိုးသော (၅၂)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယနေ့အဖြစ် ရွှေအဆင့်အသင်းလိုက်နှင့် တစ်ဦးချင်းပြိုင်ပွဲများ၊ ငွေအဆင့် အသင်းလိုက်နှင့် တစ်ဦးချင်းပြိုင်ပွဲများ၊ ပြင်ဦးလွင်တံခွန်စိုက်ဖလား ပြိုင်ပွဲများကို ဧပြီ ၁၃ရက် နံနက်ပိုင်းက မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ပြင်ဦးလွင်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ကြေးအဆင့်

ဧပြီ ၁၁ရက်နှင့် ၁၂ရက် ပြိုင်ပွဲများ အပြီးတွင် ကြေးအဆင့်အသင်းလိုက်ပြိုင်ပွဲ၌ ပြင်ဦးလွင် (က) အသင်းက စုစုပေါင်း ရိုက်ချက် ၅၀၂ချက်ဖြင့် ပထမ၊ သံမဏိ စက်ရုံအသင်းက စုစုပေါင်း ရိုက်ချက် ၅၂၆ ချက်ဖြင့် ဒုတိယ၊ ကြေးအဆင့် တစ်ဦးချင်း ပြိုင်ပွဲတွင် အောင်ကျော်ကျော် (ပြင်ဦးလွင်) က H' cap (၁၉)ဖြင့် သတ်မှတ်ရိုက်ချက် အောက် ၂၁ချက် လျှော့ရိုက်ကာ ပထမ၊ ဝင်းမြင့် (ကလော)က H' cap (၂၂)ဖြင့် သတ်မှတ်ရိုက်ချက်အောက် ၁၇ချက် လျှော့ ရိုက်ကာ ဒုတိယ၊ သက်ကြီးတန်း တစ်ဦး ချင်း ပြိုင်ပွဲတွင် အုန်းထွန်း(ရန်ကုန်)က H' cap ဖြင့် သတ်မှတ်ရိုက်ချက်အောက် ၂၁ချက် လျှော့ရိုက်ကာ ပထမ၊ ဂျာနော် (ရန်ကုန်)က H' cap ဖြင့် သတ်မှတ်ရိုက် ချက်အောက် ၁၇ချက် လျှော့ရိုက်ကာ ဒုတိယ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ခင်မာနွယ်(ပြင်ဦးလွင်) က H' cap (၁၇) ဖြင့် သတ်မှတ်ရိုက်ချက်အောက် ၁၂ချက် လျှော့ရိုက်ကာ ပထမ၊ စုနဒီဝင်းထွန်း (ပြင်ဦးလွင်)ကH' cap(၂၂)ဖြင့် သတ်မှတ် ရိုက်ချက်အောက် ၁၂ချက် လျှော့ရိုက်ကာ ဒုတိယနှင့် စိုးစိုးလေး(မန်းတောင်)က H' cap (၁၉)ဖြင့် သတ်မှတ်ရိုက်ချက် အောက် ကိုးချက်လျှော့ရိုက်ကာ တတိယ အသီးသီးရရှိထားကြသည်။

(၅၂)ကြိမ်မြောက် မဟာသင်္ကြန် ရွှေ ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲဝင် ဂေါက်သီး ရိုက်အားကစားသမားတိုင်းအား တစ်ထည် လျှင် ငွေကျပ် ၈၀၀၀တန် ပြင်ဦးလွင် ဂေါက်သီးရိုက် အသင်းတံဆိပ်ပါ စပို့ရှပ် တစ်ထည်စီ၊ ဟိုတယ်ပြင်ဦးလွင်က ကူညီ ပံ့ပိုးသည့် တစ်လုံးလျှင် ငွေကျပ် ၄၀၀၀တန် Gold Cup ဦးထုပ်တစ်လုံးစီနှင့် ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းက ပေးအပ်သည့် တစ်ခုလျှင် ငွေကျပ် ၁၀၀၀တန် ဦးထုပ် တွင်တပ်ဆင်သည့် Marker တစ်ခုနှင့် တစ်အိတ်လျှင် ငွေကျပ် ၇၀၀တန် Gold Cup အိတ်တစ်အိတ် စုစုပေါင်း ငွေကျပ် ၁၃၇၀၀တန်တို့ကို လက်ဆောင်ပေးအပ်ခဲ့သည့်အပြင် ပြိုင်ပွဲဝင် အားကစားသမားများအား လပ်ကီးသောက်ရေသန့်က အအေးနှင့် ရေသန့်များဖြင့် နေ့စဉ်ဧည့်ခံ တိုက်ကျွေးခဲ့သည်။

မဂ္ဂဇင်း

ယခုနှစ်ကျင်းပသည့်(၅၂)ကြိမ်မြောက် မဟာသင်္ကြန် ရွှေဖလားဂေါက်သီးရိုက် ပြိုင်ပွဲ အထိမ်းအမှတ်အဖြစ် Pyin Oo Lwin Gold Cup-52nd Anniversery, Golf Magazine (2010)ကို လည်း ထုတ်ဝေခဲ့သည်။ အဆိုပါ မဂ္ဂဇင်းကို တစ်အုပ်လုံး Art Paper ဖြင့် ရောင်စုံ ပုံနှိပ်ကာ(၈ဒသမ ၂၅) လက်မ × (၁၁ ဒသမ ၂၅)လက်မအရွယ် မဂ္ဂဇင်းစာအုပ် ဆိုဒ်ကြီးအဖြစ် ထုတ်ဝေခြင်းဖြစ်သည်။

ယင်းမဂ္ဂဇင်းတွင် ၁၈၉၆ ခုနှစ်က စတင်တည်ဆောက်ခဲ့သော ပြင်ဦးလွင် ဂေါက်ကွင်း၏ သမိုင်းဆိုင်ရာ အချက် အလက်များ၊ ဂေါက်သီးရိုက်အားကစား ဆိုင်ရာ အချက်အလက်များနှင့် ပြင်ဦးလွင် မြို့၏ မြို့ပြဆိုင်ရာ အချက်အလက်များကို ရောင်စုံဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ပြုစု ဖော်ပြထားသည်။ မဂ္ဂဇင်းတွင် ဇာနည် (ဘူမိဗေဒ)၊ မောင်ကြည်ဖေ (ရေနံချောင်း)၊ ခင်မောင်ထွေး (ပျဉ်းမနား)၊ စစ်ကိုင်း ကြည်ညွန့်၊ မေမြို့ ချစ်ဆွေ၊ ဦးတင်လှ (သစ်တော)၊ နေဦးဝေ၊ ပန်ချိုဗီလာ၊ မောင်ကျော်ဝင်း၊ ကေမောင်မောင်၊ ကိုဗလ၊ ဝင်းမြင့်သိန်း (YGC)၊ ဝင်နီမြင့်၊ ဦးစီလှိုင် နှင့် အခြားနာမည်ကြီး စာရေးဆရာများ၏ စာမူကောင်းများစွာပါရှိသည်။

ပြင်ဦးလွင်မြို့ မန္တလေး-လားရှိုးလမ်း ကျောက်တိုင်ကွင်း၌ ဧပြီ ၁၃ရက် ညနေ ၃နာရီတွင် စတင်ဖွင့်လှစ်ခဲ့သည့် ပန်းမြို့တော် ဗဟိုရေကစားမဏ္ဍပ်အပါအဝင် စုစုပေါင်း ရေကစားမဏ္ဍပ်ပေါင်း ၁၆ခု တို့ဖြင့် အများပြည်သူတို့ ပျော်ရွှင်စွာ ရေ ကစားလျက်ရှိကြရာ (၅၂)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက် ပြိုင်ပွဲ (Pyin Oo Lwin Gold Cup)သို့ အပူဒဏ် ရှောင်ရှားရင်း အနယ်နယ် အရပ်ရပ်မှ လာရောက်ပြိုင်ပွဲဝင်ကြသည့် ဂေါက်သီးအားကစားသမားများနှင့် မိသားစု ဝင်များသည်လည်း ပြင်ဦးလွင်၏ မဟာ သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ လျက်ရှိကြပြီး ပြင်ဦးလွင် ဂေါက်ကွင်းနှင့် ပြင်ဦးလွင်မြို့ပေါ် လမ်းတစ်လျှောက်တို့၌ အထူးစည်ကားလျက်ရှိကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

တောင်ကြီးမဟာသင်္ကြန် ရေကစားမဏ္ဍပ်ဖွင့်

တောင်ကြီး ဧပြီ ၁၃

မြန်မာတို့၏ နှစ်သစ်ကူးပွဲတော်ဖြစ်သည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင်လည်း ဒေသခံပြည်သူများက မဟာသင်္ကြန် အကြိုနေ့(ဧပြီ ၁၃ရက်)မှ စ၍ပျော်ရွှင်စွာဆင်နွှဲလျက်ရှိသည်။ တောင်ကြီးမြို့အတွင်းရှိ လမ်းမများပေါ်တွင် မဏ္ဍပ်ကြီး၊ ငယ်များထိုး၍ သင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲလျက် ရှိကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

တောင်ကြီးဂေါက်ကလပ်အနီးရှိ တောင်ကြီးရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၆နာရီက အဆိုပါမဏ္ဍပ်၌ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်ချစ်ဦးနှင့် ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ဖွင့်ပွဲအခမ်းအနားအပြီးတွင် Iron Cross တီးဝိုင်းနှင့် တွဲဖက်၍ လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်း၊ တင်ဇာမော်၊ ဆုန်သင်းပါရ်၊ နေနေနှင့် လိမ္မော်သီးတို့က တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။ **(မြန်မာ့အလင်း)**

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ် လျှပ်စစ်(Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မြောက်ပိုင်းဒေသများ၌ နေ့အပူချိန်လျော့နည်းဖွယ်

နေပြည်တော် ဧပြီ ၁၃

<u>ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ဒီဂရီ စင်တီဂရိတ်ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့် သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ပူတာအိုမြို့တွင် ၀ဒသမ ၀၈လက်မ ဖြစ်သည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ် အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

<u>ဧပြီ ၁၄ ရက် ညနေအထိ ခန့်မှန်းချက်မှာ</u> ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> လှိုင်းအသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်</u> ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

<u>ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်</u> ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

<u>မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်</u> ယနေ့ အများအားဖြင့် သာယာမည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ ဂုဏ်ဒြပ်ကို တိုးမြှင့်ထင်ဟပ်စေမည့် တိုင်းရင်းသား လူငယ်များပညာကွန်းခို ကျိုင်းတုံတက္ကသိုလ်

❖ သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ❖ ဓာတ်ပုံမှတ်တမ်း-လေးနွယ်(မင်္ဂလာဒုံ) ❖ စာမျက်နှာဖွဲ့စည်းမှု-ဝင့်မာသွင်(မြန်မာ့အလင်း)

နေပြည်တော် ဧပြီ ၁၃

မှိုင်းညို့နေသော ရှမ်းတောင်တန်း၊ ရှမ်းတောင်တန်းကို နောက်ခံပြုကာ တည်ဆောက်ထားသည့် ထည်ဝါခံ့ညားသော အဆောက်အအုံကို အဝေးမှပင်လှမ်းမြင်ရသည်။ မကြာမီ အဆောက်အအုံအဝင်လမ်းသို့ ရောက်ရှိလာသည်။ အဝင်လမ်းနှင့်ကပ်လျက် ခံ့ထည်စွာရေးထားသည်မှာ "ကျိုင်းတုံတက္ကသိုလ်"....။

ကျိုင်းတုံမြို့ အနောက်ဘက်တောင်ကြီးမြို့သို့သွားရာ မော်တော်ကားလမ်းအတိုင်း နံနက်စောစော မော်တော်ယာဉ်ဖြင့် ထွက်လာခဲ့သည်။ အတန်ကြာ မောင်းလိုက်သည်နှင့် နားခမ်းရွာသို့ ရောက်ရှိပြီး နားခမ်းရွာအနီး တည်ဆောက်ထားသော ကျိုင်းတုံတက္ကသိုလ်အဝင်လမ်းသို့ ရောက်ရှိခဲ့သည်။

မြင်တွေ့

ကျိုင်းတုံ တက္ကသိုလ်ဝင်းအတွင်း ဝင်ရောက်ခဲ့ရာ ထုထည်ခိုင်ခံ့ကြီးမားစွာ တည်ဆောက်ထားသော ကျိုင်းတုံတက္ကသိုလ် ပင်မအဆောက်အအုံကို ရင်သပ်ရှုမောဖွယ်ရာ မြင်တွေ့ရသည်။

တိုးမြှင့်ဖွင့်လှစ်

ကျိုင်းတုံတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာကိုကိုမြင့်နှင့် တွေ့ဆုံပြီး သိလိုသည့်အချက်များကို မေးမြန်းခဲ့သည်။ "ကျိုင်းတုံ ဒီဂရီကောလိပ်ကနေပြီး ကျိုင်းတုံတက္ကသိုလ်အဖြစ် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှစတင်ပြီး တိုးမြှင့် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါတယ်။ အခန်းခြောက်ခန်းပါ နှစ်ထပ်စာသင်ဆောင်၊ တစ်ထပ်စာသင်ဆောင်ခြောက်ဆောင်၊ ကွန်ပျူတာခန်းသုံးခန်းနဲ့ ဘာသာစကား စာသင်ခန်းတစ်ခန်းစတဲ့ အဆောက်အအုံတွေနဲ့ ဖွဲ့စည်းထားပါတယ်" ဟု ဒေါက်တာကိုကိုမြင့်က မြန်မာ့အလင်းသို့ ဦးစွာရှင်းပြသည်။

ပညာသင်ကြားနိုင်ခွင့်ရရှိ

ကျိုင်းတုံတက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်မှုကြောင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊ မိုင်းဖြတ်၊ မိုင်းခတ်၊ မိုင်းပျဉ်း၊ တာ့လေ စသည့်ခရိုင်နှင့် မြို့နယ်တို့မှ တိုင်းရင်းသားရင်သွေးငယ်များ အဆင်ပြေ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ခွင့် ရရှိနေကြပြီ ဖြစ်သည်။

ဘာသာရပ် ၁၂ခု

"ကျိုင်းတုံတက္ကသိုလ်မှာ ဘာသာရပ် ၁၂ခု သင်ကြားပေးနေပါတယ်။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီ၊ သမိုင်း၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒနဲ့ ဘူမိဗေဒဘာသာရပ်တွေ ဖြစ်ပါတယ်။ အဝေးသင်ကျောင်းသား ကျောင်းသူတွေကတော့ ဝိဇ္ဇာဘာသာရပ်တွေ ယူတာများပြီး နေ့ကျောင်းတက်တဲ့သူတွေကတော့ သိပ္ပံဘာသာရပ်တွေ ယူတာများပါတယ်" ဟု ဒေါက်တာကိုကိုမြင့်က ဆက်လက်ရှင်းပြသည်။

ကျောင်းသားကျောင်းသူဦးရေ

ကျိုင်းတုံတက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ပြီးနောက်ပိုင်း နှစ်စဉ်ကျောင်းသားကျောင်းသူဦးရေ တိုးတက်ခဲ့ရာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် နေ့တက်ကျောင်းသား ကျောင်းသူဦးရေ ၅၇၄ ဦး ရှိပြီး အဝေးသင် ကျောင်းသားကျောင်းသူဦးရေမှာ ၁၄၂၉ ဦး သင်ကြားလျက်ရှိကြောင်း သိရသည်။

စိတ်ချမ်းမြေ့

စာသင်နှစ်အတွင်း ကျောင်းသားကျောင်းသူများကို ကိုယ်လက်ကြံ့ခိုင်ကျန်းမာရေးအတွက် အားကစားပြိုင်ပွဲများအဖြစ် ဘောလုံး၊ ဘော်လီဘော၊ ခြင်းလုံး၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ်နှင့် လွန်ဆွဲပွဲများလည်း ကျင်းပပေးလျက်ရှိရာ ကျိုင်းတုံတက္ကသိုလ်တွင် အေးချမ်းစွာ ပညာသင်ကြားနေသော တိုင်းရင်းသားရင်သွေးငယ်များ၏ ယနေ့ဖွံ့ဖြိုးမှု အခြေအနေက စိတ်ချမ်းမြေ့ဖွယ်ရာပင်....။

"ကျိုင်းတုံ ဒီဂရီကောလိပ်မှ ကျိုင်းတုံတက္ကသိုလ်အဖြစ် ၂၀၀၇ ခုနှစ်မှာ တိုးမြှင့်ဖွင့်လှစ်ခဲ့တာပါ"
ဒေါက်တာကိုကိုမြင့်။

ကျိုင်းတုံတက္ကသိုလ် စာသင်ခန်းနှင့် စာသင်ဆောင်များ

လှပသောဒီဇိုင်း၊ ခံ့ထည်သော အသွင်အပြင်များနှင့် သေသပ်စွာ တည်ဆောက်ထားသော ကျိုင်းတုံတက္ကသိုလ် စာသင်ခန်းနှင့် စာသင်ဆောင်များကိုလည်း ဤသို့ အမြင်တင့်စွာ မြင်တွေ့ခဲ့ရသည်။

စနစ်တကျ

ထိုမှတစ်ဆင့် ကျိုင်းတုံတက္ကသိုလ်၏ စာသင်ဆောင်များအတွင်း လိုက်လံလေ့လာခဲ့သည်။ စာသင်ဆောင်များ သန့်ရှင်းသပ်ရပ်ပြီး သင်ထောက်ကူပစ္စည်းများကိုလည်း ပြည့်စုံစွာ တွေ့မြင်ရသည်။ စာရေးခုံနှင့် ထိုင်ခုံကအစ စနစ်တကျ ဖြည့်ဆည်းထားမှုမှာ အံ့ဝင်ခွင်ကျ ရှိလွန်းလှသည်။

ဆက်စပ်ပစ္စည်း

ထို့နောက် ကွန်ပျူတာခန်းများ၊ ဘာသာစကား သင်ကြားခန်းများတွင်လည်း သင်ထောက်ကူပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ပြည့်စုံစွာ ဖြည့်ဆည်းပေးထားသည်ကို တွေ့ရသည်။ တိုင်းရင်းသားရင်သွေးငယ်များ အဆင့်မြင့်ပညာရပ်များကို စနစ်တကျ သင်ကြားနိုင်မှုကို မြင်တွေ့ရသည်မှာ နိုင်ငံတော်အနာဂတ်အတွက် အားတက်ဖွယ်ရာပင်....။

သင်ကြားနိုင်

ကျိုင်းတုံတက္ကသိုလ်ပေါ်ထွန်းလာမှုကြောင့် ဒေသခံတိုင်းရင်းသား ရင်သွေးငယ်များ တက္ကသိုလ်ပညာရပ်များကို ဒေသအတွင်း၌ပင် စိတ်အေးချမ်းသာစွာ သင်ကြားနိုင်ပြီဖြစ်ရာ တိုင်းရင်းသားပြည်သူတို့၏ အကျိုး၊ ဒေသအကျိုးကို ပိုမိုစွမ်းဆောင်ပေးနိုင်ကြတော့မည်ကို တွေးမိရင်း အပြန်ခရီးတစ်လျှောက် ကြည်နူးစိတ်များ ဖြာဝေနေမိပါတော့သည်။ ။ **(မြန်မာ့အလင်း)**

ခံ့ထည်သော ကျိုင်းတုံတက္ကသိုလ် အဆောက်အအုံကလည်း ဒေသခံတိုင်းရင်းသား လူငယ်၊ မောင်မယ်များအတွက် အဆင့်မြင့်ပညာများ လက်လှမ်းတမီ လေ့လာဆည်းပူးနိုင်ရန် ဤသို့ အသင့်ရှိနေမှုကလည်း ကြည်နူးပီတိဖြစ်စရာပင်....။

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဧပြီ ၁၃

ကြို့ပင်ကောက်၌ ကာကွယ်ဆေးတိုက်နေ့များဖွင့်

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဧပြီ ၃ရက် နံနက် ၇နာရီက ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဖွင့်ပွဲကိုကျင်းပရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဝင်းအောင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြင့်ရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (၁၈၀)

ဂုန်လျှော်/ချဉ်ပေါင်လျှော်စိုက်ပျိုးရေးတာဝန်ပေးအပ်

ပဲခူးတိုင်း ရေတာရှည်မြို့နယ်၏ ၂၀၁၀ခုနှစ် ဂုန်လျှော်/ချဉ်ပေါင်လျှော်စိုက်ပျိုးရေး စီမံကိန်းတာဝန်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ဂုန်လျှော်/ချဉ်ပေါင်လျှော်စိုက်ပျိုးမည့် ကျေးရွာအုပ်စု (၂၅)အုပ်စုမှ ကျေးရွာဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာများကို ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ဆီဆိုင်စည်ပင်သာယာ ယုဇနလမ်းကတ္တရာခင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ဆီဆိုင်မြို့ ယုဇနလမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီးစိုးသန်း မတ် ၂၀ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်ခနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခွန်ဝင်းမင်းထွဋ်တို့ လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

ဟုမ္မလင်း၌ မူလွန်ကျောင်းဆောင်သစ်ပန္နက်တင်

ဟုမ္မလင်းမြို့နယ် လုံမာလဲကျေးရွာ အခြေခံပညာမူလတန်းလွန် ကျောင်းဆောင်သစ် ပန္နက်တင်အခမ်းအနားကို မတ် ၃၁ရက် နံနက် ၁၀နာရီကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ မြို့နယ်ပညာရေးမှူး ဦးကျင်ခိုင်နှင့် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းတို့က သတ်မှတ်နေရာများတွင် ကျောင်းဆောင်သစ်ကို ပန္နက်တင်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟိုပုံး၌ခြောက်မိုင်စံဖူးရွာလမ်းကျောက်ချောလမ်းသစ်ဖွင့်

ဟိုပုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ကျေးလက်လမ်းဖြစ်သည့် ခြောက်မိုင် စံဖူးရွာလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခွန်စိုးလွင် တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်းက လမ်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

နွားထိုးကြီး၌ ပဲခူးရိုးမဖြတ်လမ်း ကတ္တရာလမ်းခင်း

နွားထိုးကြီးမြို့နယ်အတွင်း ဖြတ်သန်းဖောက်လုပ်ထားသော ခရိုင်ချင်းဆက် အမှတ်(၁)လမ်း ရန်ကုန်-မန္တလေး အမြန်လမ်းမ၊ ပဲခူးရိုးမဖြတ်လမ်းကတ္တရာလမ်းခင်းခြင်းကို နွားထိုးကြီး အမှုဆောင်အရာရှိ ဦးကံချွန်၊ တာဝန်ခံအင်ဂျင်နီယာ ဦးဝဏ္ဏတို့ ဦးဆောင်သော အဖွဲ့ဝန်ထမ်းများက လမ်းပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။ **(၀၉၂)**

ဂွမြို့နယ်၌ ကျေးရွာတံခွန်စာကြည့်တိုက် အဆောက်အအုံဖွင့်

သံတွဲခရိုင် ဂွမြို့နယ် တင်းတော်ကျေးရွာအုပ်စု အမော်ကျေးရွာ၌ ကျေးရွာတံခွန်စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲကို မတ် ၂၃ရက် နံနက်၉နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းအေးနှင့် မြို့နယ်ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ ဆက်သွယ်ရေးတာဝန်ခံ ဦးတင်အောင်၊ ကျေးရွာဥက္ကဋ္ဌ ဦးထွန်းထွန်းညိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ကောလင်းစည်ပင် ရေရရှိရေးဆောင်ရွက်

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေသည် မီးရေစစ်ဆေးရေးမှူး ဦးမြင့်အောင်နှင့်အတူ မတ် ၁ရက်က မြို့တွင်းရေရရှိရေးအတွက် ပျက်စီးနေသောပိုက်လိုင်းများကို စစ်ဆေးပြီး ပြုပြင်ဆောင်ရွက်ကြသည်။ (၀၃၂)

ကြက်၊ ငှက်တုပ်ကွေး ကာကွယ်ရေး မိုးညှင်း၌ ပညာပေး

Care Myanmar အဖွဲ့နှင့် မိုးညှင်းမြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်မွေးမြူရေးနှင့် ကုသရေးရုံးတွင် မတ်၂၀ရက်နှင့် ၂၁ရက်ကကျင်းပသည့် အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းဦးက ဆင့်ပွားသင်တန်းသား ၁၉ဦးအား ကြက်၊ ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေး ဖွင့်လှစ်ပို့ချသည်။ (မြို့နယ် ပြန်/ဆက်)

သွေးကောင်းသွေးသန့်ရရှိရေး မိုးညှင်း၌ ညှိနှိုင်းစည်းဝေး

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်တွင် HIV ရောဂါပိုးကင်းစင်သော သွေးကောင်းသွေးသန့်များရရှိရေး အသိပေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၂ရက် နံနက် ၁၀နာရီက မိုးညှင်းမြို့ ခုတင် ၁၀၀ဆံ့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ဆေးရုံအုပ် ဒေါက်တာဒေါ်နွယ်နွယ်ဝင်းက မိုးညှင်းမြို့ ပြည်သူ့ဆေးရုံ၌ HIV ရောဂါပိုးကင်းစင်သော သွေးကောင်းသွေးသန့်များ ရရှိရေးလက်ရှိဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။ ။ **(မြို့နယ်ပြန်/ဆက်)**

14-4 (13).pmd 1 4/14/2010, 2:17 AM

(၄၃)နှစ်မြောက်မင်္ဂလာဆုတောင်း

၁၄-၄-၂၀၁၀ရက်တွင်ကျရောက်သော ချစ်သော ဖေဖေနှင့်မေမေတို့၏ (၄၃)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သား၊ သမီး၊ ချစ်မြေးများနှင့်ပျော်ရွှင်စွာ ဆင်နွှဲနိုင်ပါစေ—

ချစ်သား၊ သမီးများ-
ညီညီနိုင်-စန်းသီတာဝင်း
မင်းနေကျော်ဝင်း
ဒေါက်တာဘုန်းမြင့်ထွန်း-စန်းစပယ်ဝင်း
ချစ်မြေးများ-
မြေးကြီး ကြာညိုသွယ်သင်း (မီးမီး)
မြေးလတ် ဝင်းမြတ်ရွှေစင်ထွန်း (သဲသဲ)
မြေးသားကြီး ဝင်းဘုန်းထွဋ်နိုင် (ဖိုးသကြိန်)
မြေးငယ်လေး ဝင်းခန့်လပြည့်ထွန်း (ဖိုးလပြည့်)

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီးဖြစ်သူ လာလား(ခ) မဝေဝေလွင် ၁/မညန(နိုင်)၁၀၆၄၉၂ ကိုင်ဆောင်သူသည် ၁၁-၄-၂၀၁၀ ရက်တွင် မိဘမောင်နှမများ ခွင့်မလွှတ်နိုင်သည့် ကိစ္စများကို ပြုမူဆောင်ရွက်ပြီး မိမိသဘောအတိုင်း နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်-ဒေါ်စန်းလွင်

MTA/၀၄၄၇၇၁။

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

- (က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
- (ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝ မပြုလုပ်ပါနှင့်။
- (ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

ရန်ကုန်အနောက်ပိုင်းခရိုင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဖွင့်

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်မှု၊ ခရိုင်အတွင်းရှိ ပြည်သူများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုဖြင့် ၁၃၇၁ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ရက် ညနေ ၄နာရီက ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးရှေ့ ရိုးရာအတာသင်္ကြန်မဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးကျော်သူဇော်က နှုတ်ခွန်းဆက် အဖွင့်အမှာစကား ပြောကြားသည်။

ပါဝင်ဆင်နွှဲ

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင့်ဆန်းနှင့် ခရိုင်ဥက္ကဋ္ဌ ဦးကျော်သူဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး (၆၀ပုံ) ခရိုင်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့၊ ရှစ်ဖွဲ့နှင့် သင်္ကြန်အကအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် ပါဝင်ဆင်နွှဲကြသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပါဝင် ဆင်နွှဲကြသည်။

(ခရိုင် ပြန်/ဆက်)

ယာဉ်တိုက်မှုများဖြစ်ပွားလျက်ရှိသဖြင့် ယာဉ်မောင်းသူများနှင့်လမ်းဖြတ်ကူးသူများ စည်းကမ်းစနစ်တကျ သွားလာမောင်းနှင်ကြရန် သက်ဆိုင်ရာက သတိပေး

နေပြည်တော် ဧပြီ ၁၃

ပဲခူးတိုင်း ရေတာရှည်မြို့နယ် ကန်ဘဲ့ကျေးရွာအနီး ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် ၁၆၈/၀နှင့် ၁၆၈/၁အကြား၌ ဧပြီ ၆ရက် ညနေ ၆နာရီ မိနစ် ၄၀ခန့်တွင် နေပြည်တော်မှ ရန်ကုန်သို့မောင်းနှင်သော ပါဂျဲရိုးယာဉ်တစ်စီးသည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကို တိုက်မိပြီး တိမ်းမှောက်သွားခဲ့သဖြင့် ယာဉ်မောင်းနှင်သူ သေဆုံးပြီး ယာဉ်ပေါ်ပါရှိသူတစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

မျက်နှာချင်းဆိုင်တိုက်မိ

ထို့ပြင် ဧပြီ ၆ရက် ည ၈နာရီခန့်တွင် နေပြည်တော် ပျဉ်းမနား-တောင်ညိုကားလမ်း မိုင်တိုင် ၂၂/၇နှင့် ၂၃အကြား၌ ဆိုင်ကယ်တစ်စီးနှင့် တီအီး-၁၁ ခြောက်ဘီးယာဉ်တစ်စီးတို့ မျက်နှာချင်းဆိုင် တိုက်မိခဲ့သဖြင့် ဆိုင်ကယ်မောင်းနှင်သူ သေဆုံးပြီး နောက်မှလိုက်ပါစီးနင်းသူ ဒဏ်ရာရရှိခဲ့သဖြင့် ခုတင် (၁၀၀၀) တပ်မတော်ဆေးရုံသို့ ပို့ဆောင် ကုသပေးထားကြောင်း သိရှိရသည်။

ထို့အတူ ဧပြီ ၆ရက် မွန်းလွဲ ၁၂နာရီခွဲခန့်တွင် သီပေါမြို့ ဗိုလ်ချုပ်လမ်းနှင့် မိုင်းပွန်လမ်းဆုံ၌ လားရှိုးဘက်မှ မန္တလေးဘက်သို့ မောင်းနှင်လာသော တိုယိုတာဟိုက်အွေ့စ် ခရီးသည်တင်ယာဉ်တစ်စီးသည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ဝဲဘက်ခြမ်း တစ်ဖက်ယာဉ်ကြောရှိ ဆိုင်ကယ်တစ်စီးကို ဝင်တိုက်မိခဲ့ကြောင်း၊ ဆိုင်ကယ်မောင်းနှင်သူမှာ ဝဲဘက်ခြေချင်းဝတ်ကျိုး၊ ဝဲဘက်မျက်လုံးထောင့် ပေါက်ပြဲ၊ မျက်နှာ၊ ပခုံး၊ လက်ဖမိုး ပွန်းပဲ့ ဒဏ်ရာများ ရရှိခဲ့သဖြင့် သီပေါမြို့နယ်ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရှိရသည်။

စည်းကမ်းရှိရှိ

မော်တော်ယာဉ်များ၊ ဆိုင်ကယ်များကို မဆင်မခြင် မောင်းနှင်ခြင်း၊ ယာဉ်ကွဲ့ခိုင်မှု အလေးမထားခြင်း၊ အရှိန်ပြင်းစွာ မောင်းနှင်ခြင်းတို့ကြောင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိသဖြင့် ယာဉ်တိုက်မှုမဖြစ်ပေါ်စေရေးအတွက် ယာဉ်မောင်းနှင်သူများ၊ လမ်းဖြတ်ကူးသူများ ကိုယ်စီ အသိစိတ်ဓာတ်ရှိရှိ၊ စည်းကမ်းရှိရှိ သွားလာမောင်းနှင်ကြရန် သက်ဆိုင်ရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီများက သတိပေးလျက်ရှိသည်။

(သတင်းစဉ်)

သတ်မှတ်စည်းကမ်းများကို လိုက်နာမှသာ ဆိုင်ကယ်စီးနင်းသူများ အန္တရာယ်ကင်းမည်

နေပြည်တော် ဧပြီ ၁၃

နေပြည်တော် ပန်းခင်းလမ်းမပေါ် သစ်တောရုံးအနီး၌ ဧပြီ ၆ရက် ည ၉နာရီ ၄၅မိနစ်ခန့်တွင် ပန်းခင်းမီးပွိုင့်ဘက်မှ ရွှာတော်ဘက်သို့မောင်းနှင်လာသည့် ဇေယျာဝင်း မောင်းနှင်သော ဆိုင်ကယ်သည် ၎င်းရှေ့ရှိ ဆိုင်ကယ်တစ်စီးကို နောက်မှ ဝင်ရောက်တိုက်မိခဲ့ကြောင်း၊ ဇေယျာဝင်းသည် ဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့ကြောင်း၊ ရှေ့ဆိုင်ကယ်ပေါ်၌ ပါရှိသူနှစ်ဦးမှာ ဒဏ်ရာအနည်းငယ်စီ ရရှိခဲ့ကြကြောင်း သိရှိရသည်။

အလားတူ မကွေးတိုင်း မင်းဘူးမြို့ ဆားပွက်ချောင်းတံတားမြောက်ဘက်၌ ဧပြီ ၇ရက် မွန်းလွဲ ၁နာရီ ၄၅မိနစ်ခန့်တွင် ဆိုင်ကယ်တစ်စီးသည် ထော်လာဂျီအား ကျော်တက်စဉ် မျက်နှာချင်းဆိုင်မှ ဆိုင်ကယ်ကို ရှောင်တိမ်းလိုက်ရာ ထော်လာဂျီ ယာဉ်ရှေ့ဘီးနှင့်ချိတ်မိပြီး လဲကျသွားခဲ့ကြောင်း၊ ဆိုင်ကယ်ပေါ်ပါရှိသူ နှစ်ဦးအနက် တစ်ဦးမှာ ထော်လာဂျီဘီးနှင့် ကြိတ်မိသဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကာ ကျန်တစ်ဦးမှာ မင်းဘူးဆေးရုံသို့ ပို့ဆောင်ကုသစဉ် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

စည်းကမ်းလိုက်နာ

အဆိုပါဖြစ်စဉ်နှစ်ခုနှင့် ပတ်သက်၍ ယာဉ်ထိန်းရဲအရာရှိတစ်ဦးက သေဆုံးသူလူငယ်များ၏ မိဘများကိုယ်စား စိတ်မကောင်းဖြစ်ရကြောင်း၊ ဆိုင်ကယ် မတော်တဆမှုဖြစ်ပါက အန္တရာယ် အလွန်များကြောင်း၊ ဆိုင်ကယ်စီးဦးထုပ်များ ဆောင်းထားခြင်းရှိ မရှိ၊ စနစ်တကျဆောင်းထားခြင်းရှိ မရှိ စစ်ဆေးရခြင်းမှာ ဆိုင်ကယ်စီးနင်းသူတို့၏ အကျိုးအတွက်သာ ဖြစ်ကြောင်း၊ ဆိုင်ကယ်စီးနင်းသူများအနေဖြင့် သတ်မှတ်စည်းကမ်းများကို လိုက်နာမှသာ အန္တရာယ်ကင်းရှင်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ် မဟာသင်္ကြန်ဖွင့်ပွဲ အခမ်းအနားကို ရန်ကင်းစီးတီးမတ်ရှေ့တွင် ဧပြီ ၁၃ရက်က ကျင်းပရာ ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုအောင်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (၁၇၀)

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

- ➢ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- ➢ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- ➢ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သတိ

၁။ လေပေါင်(၁၀၀)မှ (၁၅၀)အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံသူတွင် အသားအရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်လုံးနှင့် နားများအား ထိုးမိပါက မျက်လုံးနှင့် နား ကန်းနိုင်ခြင်း စသည့် အန္တရာယ်များဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်သည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက် ၇နာရီမှ ညနေ ၆နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ညနေ ၆နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်သည်။

၃။ တားမြစ်ချက်များ ဖောက်ဖျက်ပါက တည်ဆဲဥပဒေအရ အရေးယူခံရမည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

- (က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။
- (ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။
- (ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။
- (ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်း မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့ရှိသူ	-	ထောင်(၁)နှစ်
၂။ ကစားသူ	-	ထောင်(၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ	-	ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သတိ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

သတိ

သင်္ကြန်ကာလအတွင်း အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ ရေကစားမဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းများ မပြုလုပ်ရန် တားမြစ်သည်။

ရန်ကုန်တိုင်း မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

ဖွံ့ဖြိုးမှုသာယာပုံဆန်း မြို့လက်ပံတန်း

သတင်းခရီးသည်-မြင့်မောင်စိုး ❖ ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း) ❖ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း)ဆီက မီးရထားလမ်းဆုံ မြို့တစ်မြို့....။
စပါးအလျှံပယ်၊ ငါးကန်တွေ၊ ပေါသည့်မြို့....။
ဘက်စုံဖွံ့ဖြိုး အလှတိုးနေသောမြို့....။

ဤမြို့၊ ဤဌာနေ၊ ဤဒေသသည်ကား ပဲခူးတိုင်း(အနောက်ပိုင်း)ဆီက မြို့လက်ပံတန်းပေတည်း။ မှန်ပေစွ....။ လက်ပံတန်းမြို့နယ်၏ ပထဝီအနေအထားကို လေ့လာကြည့်လျှင် အနောက်ဘက် ဟသ်ာတ၊ အင်္ဂပူ၊ မိုးညိုနှင့် ဇလွန်မြို့နယ်များက ဝိုင်းရံထားသည်။ တောင်ဘက်မှာ သာယာဝတီ၊ မြောက်ဘက်မှာ မင်းလှမြို့များရှိသည်။ အရှေ့ဘက်မှာ ကျောက်တံခါးနှင့် ပဲခူးမြို့နယ်များ ရှိသည်။ ဤလက်ပံတန်းမြို့သည် ခရစ်နှစ် ၁၈၇၇ ခုနှစ်တွင် ရန်ကုန်-ပြည်မီးရထားလမ်း ဖောက်လုပ်ခဲ့ပြီးနောက် မြို့အဖြစ်သို့ တဖြည်းဖြည်း ပြောင်းလဲလာခဲ့ခြင်းဖြစ်သည်။ ရန်ကုန်-ပြည် မော်တော်ကားလမ်းကြီး ပေါ်ပေါက်လာသဖြင့် မြို့မှာ ပို၍ စည်ပင်ဖွံ့ဖြိုးလာခဲ့သည်။

လက်ပံတန်းမြို့သည် ရန်ကုန်-ပြည် မီးရထားလမ်း ဖြတ်သန်းသွားရာမြို့ဖြစ်သကဲ့သို့ သာရဝေါသို့သွားသည့် မီးရထားလမ်းလည်း ရှိသည်။ နံနက် ၄နာရီခွဲတွင် လက်ပံတန်းဘူတာမှ သာရဝေါ လော်ကယ်ရထားထွက်ခွာသံကို ကြားခဲ့ရသည်။ သာရဝေါမှ နံနက် ၁၀နာရီခွဲတွင် လက်ပံတန်းဘူတာသို့ ပြန်ဝင်လာသော ထိုလော်ကယ်ရထားကို ခရီးသည် အများအပြားနှင့် ခုတ်မောင်းလာသည်ကိုလည်း တွေ့ခဲ့ရသည်။ ရန်ကုန်မှပြန်ဖို့ နေ့စဉ် ခရီးသည်ရထား ပြေးဆွဲနေကြောင်းလည်း သိရသည်။ ထို့ကြောင့် လက်ပံတန်းမြို့ကို ပဲခူးတိုင်း(အနောက်ပိုင်း)၏ ရထားလမ်းဆုံ မြို့တစ်မြို့ဟု ဆိုလိုခြင်းဖြစ်သည်။ ယခုအခါ လက်ပံတန်းမြို့မှာ မြို့ပေါ် လေးရပ်ကွက်အထိ ရှိလာပြီဖြစ်သည်။

စပါးအလျှံပယ်

"ကျွန်တော်တို့ လက်ပံတန်းမြို့နယ်ဟာ နှစ်စဉ် မိုးရေချိန်လက်မ ၈၀ ဝန်းကျင် ရွာသွန်းတဲ့ မြို့နယ်ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ မိုးစပါးစိုက်ပျိုးနိုင်မှု များပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၉ခုနှစ် မိုးရာသီက မိုးစပါး ဧက ၁၁၆၄၀၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးစပါးပြီးတာနဲ့ မတ်ပဲ ဧက ၆၅၀၅၀စိုက်ဖို့ လျာထားပါတယ်။ ဒီနောက်မှာတော့ မတ်ပဲအပြီး နွေစပါး ဆက်စိုက်မှာဖြစ်ပါတယ်။ နွေစပါးကိုတော့ သဲကောဆည်နှင့် ကန်တင်ဘီးလင်း ဆည်ရေတို့ကိုသုံးပြီး စိုက်ဧက ၂၂၆၆၈ဧက စိုက်ပျိုးသွားဖို့ လျာထားပါတယ်"ဟု လက်ပံတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ

"လက်ပံတန်းမြို့နယ်ဟာ စိုက်ပျိုးရေးနဲ့ မွေးမြူရေး တိုးတက်အောင်မြင်တဲ့ မြို့နယ်ဖြစ်ပါတယ်"

ဦးနေမျိုးသန်း
ဥက္ကဋ္ဌ၊
မြို့နယ်အေးချမ်း
သာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ။

ဦးနေမျိုးသန်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ငါးကန်တွေ

လက်ပံတန်းတစ်မြို့နယ်လုံးတွင် ငါးမွေးမြူသည့်ဧက ၄၀၀၀ရှိပြီး ငါးကန်များစွာရှိသည်။ ဤမြို့နယ်ရှိ ကျေးရွာအုပ်စု ၃၀တွင် ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြကြောင်း၊ ငါးလုပ်ငန်းရှင်ပေါင်း ၃၄၆ဦးရှိကြောင်း သိရသည်။ အထူးသဖြင့် ကန် ၁၀၀ ငါးမွေးမြူရေးနှင့် စိုက်ပျိုးရေး ကုန်ထုတ်သမဝါယမလီမိတက်အသင်းမှာ အထင်ရှားဆုံး ငါးမွေးမြူရေးစခန်း တစ်ခုအဖြစ် တွေ့ရသည်။

မြို့အဝင်ဆိုင်းဘုတ်

လက်ပံတန်းမြို့ အဝင်လမ်းမကြီးနှင့် ဆိုင်းဘုတ်ကို ဤသို့ သပ်ရပ်လှပစွာ တွေ့ရသည်။

ဘက်စုံဖွံ့ဖြိုးအလှတိုး

"ကျွန်တော်တို့ လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအနေနဲ့ မြို့သန့်ရှင်းသာယာလှပရေး၊ မြို့တွင်းလမ်းများ တိုးတက်ကောင်းမွန်ရေး၊ ပြည်သူ့ပန်းခြံနှင့် မြေယာရှင်းအလုပ်များ စိမ်းလန်းသာယာရေး၊ ကျေးလက်လမ်းများ တိုးတက်ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးတို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးအေးဝင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

လက်ပံတန်းမြို့နယ်အတွင်း တိုးတက်လာသော ကျောင်းသားဦးရေအရ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ယခုအခါ ကျောင်းပေါင်း ၁၉၃ကျောင်းအထိ ရှိလာပြီ။

ကျေးရွာပေါင်း ၃၁၀ရှိရာတွင် ကျေးရွာတိုင်းနီးပါး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပြီး စံ(၅)ချက်နှင့်ညီသော ကျေးရွာစာကြည့်တိုက် ၄၅တိုက်အထိ ဖွင့်လှစ်ထားနိုင်ပြီ။

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့ မြို့လယ်အဝိုင်းကို ဤသို့ တွေ့ရသည်။

ပြည်သူ့ပန်းခြံအလှ

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့ ပြည်သူ့ပန်းခြံ မြင်ကွင်းအလှ....။

လက်ပံတန်းမြို့၏ မြို့ပြလမ်းများသည် ၁၉၈၈ခုနှစ် မတိုင်မီကနှင့် နှိုင်းစာလျှင် တိုးတက် ကောင်းမွန်လာသည်။ ၁၉၈၈ ခုနှစ်မတိုင်မီက ကတ္တရာလမ်း သုံးဖာလုံမျှသာ ရှိခဲ့သည်။ ယခုအခါ ခုနစ်မိုင်နှင့် ဝဒသမဖ၂ဖာလုံအထိ ကတ္တရာလမ်းများအဖြစ် တိုးတက်ကောင်းမွန်လာသည်။ ကျေးလက်သောက်သုံးရေရရှိရေး စီမံကိန်းအရ လက်ပံတန်းမြို့နယ်အတွင်း အဝီစိစက်ရေတွင်း ၇၈တွင်း တူးပေးနိုင်ခဲ့ကြောင်း သိရသည်။

ပညာရေး

လက်ပံတန်းမြို့နယ်အတွင်း တိုးတက်လာသော ကျောင်းသားဦးရေအရ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ယခုအခါ ကျောင်းပေါင်း ၁၉၃ကျောင်းအထိ ရှိလာပြီဖြစ်သည်။ ယင်းတို့အထဲတွင် အထက်တန်းကျောင်း ငါးကျောင်းလည်း အပါအဝင်ဖြစ်သည်။

ဆက်သွယ်ရေး

လက်ပံတန်းမြို့တွင် ယခင်က လက်လှည့်အိတ်ချိန်းဖုန်းများ သုံးစွဲနေရာမှ ၂၀၀၅ခုနှစ် အောက်တိုဘာ ၂၀ရက်က အော်တိုအိတ်ချိန်းရုံး ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် ဒစ်ဂျစ်တယ်အော်တိုတယ်လီဖုန်း ၄၈၀ တပ်ဆင် အသုံးပြုနေကြပြီဖြစ်သည်။ ထို့ပြင် ဂျီအက်စ်အမ် ဖုန်းရုံးကိုလည်း ၂၀၀၉ခုနှစ် မေ ၁၈ရက်က ဖွင့်လှစ်ပေးခဲ့ပြီ ဖြစ်သည်။

ကျန်းမာရေး စောင့်ရှောက်ပေးနိုင်မှုအဖြစ် ခုတင် ၅၀ဆံ့ ဆေးရုံနှင့် တိုက်နယ်ဆေးရုံနှစ်ရုံ ရှိလာပြီ ဖြစ်သည်။ ထို့အပြင် ကျေးလက် ကျန်းမာရေးဌာနများလည်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လက်ပံတန်းမြို့နယ်ရှိ ပြည်သူများ၏ ကျန်းမာရေး တိုးတက် ကောင်းမွန်လာစေရေးအတွက် ကြိုတင်ကာကွယ်ရေးနှင့် စီမံချက်၊ ကုသရေးစီမံချက်နှင့် ကျောင်းကျန်းမာရေး စီမံချက်များကို ချမှတ်ဆောင်ရွက်ပေးလျက် ရှိသည်။

စာကြည့်တိုက်

လက်ပံတန်းမြို့နယ်တွင် ကျေးရွာပေါင်း ၃၁၀ရှိရာတွင် ကျေးရွာတိုင်းနီးပါး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပြီး စံ(၅)ချက်နှင့်ညီသော ကျေးရွာစာကြည့်တိုက် ၄၅တိုက်အထိ ဖွင့်လှစ်ထားနိုင်ပေပြီ။

ဖွံ့ဖြိုးမှုသာယာပုံဆန်း လက်ပံတန်းမြို့သည် အစစအရာရာ တိုးတက်ပြောင်းလဲခဲ့ပြီဖြစ်၍ တစ်ခါ တစ်ခေါက်တော့ လာရောက်လှည့်စေလိုကြောင်း ဖိတ်ခေါ်လိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဝမ်မိုင်ဆုံကျေးရွာစာကြည့်တိုက် လဲချားတွင်ဖွင့်

လဲချား ဧပြီ ၈

လဲချားမြို့နယ် ဝမ်မိုင်ဆုံကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၆ရက် နံနက် ၉နာရီက အဆိုပါ အဆောက်အအုံ၌ကျင်းပသည်။

လက်ခံယူ

ဖွင့်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်နန်းမေစုအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး DTH စလောင်းတစ်စုံ၊ သုတ၊ ရသစာအုပ် ၁၉၅အုပ်ကို လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးဝဏ္ဏက လက်ခံယူသည်။

အဆိုပါ စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းမေစုအောင်နှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးသိန်းဝင်း တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆောက်လုပ်

အဆိုပါ စာကြည့်တိုက် အဆောက်အအုံသည် နိုင်ငံတော်မတည်ငွေကျပ် ၁၀သိန်း၊ ဒေသခံပြည်သူထည့်ဝင်ငွေကျပ် ၁၁သိန်း၊ စုစုပေါင်း ငွေကျပ် ၂၁သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းထွေတလာ

လှိုင်လင်မြို့နယ်၌ ဇေယျာကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

လှိုင်လင် ဧပြီ ၅

လှိုင်လင်မြို့နယ် ဇေယျာကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၇ရက် နံနက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။ **(အောက်ပုံ)** ဖွင့်ပွဲတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ခိုင်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးဂျော့(စ်) မျိုးမြင့်က လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီးနောက် လမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်သည်။

ဖွင့်လှစ်

ဆက်လက်၍ လမ်းသစ်အား လှိုင်လင်တပ်နယ်မှ ဗိုလ်မှူးကြီးတင်ဌေး၊ ခရိုင်ဥက္ကဋ္ဌ ဦးကျော်ခိုင်စိုးနှင့် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကြီးကြပ်ဆောင်ရွက်

အဆိုပါ အရှည် ၇၆၅ပေ၊ အကျယ် ၁၂ပေရှိသော ဇေယျာကတ္တရာလမ်းကို လက်ထောက်အင်ဂျင်နီယာ ဦးမောင်မောင်ကျော်က ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ကုန်ကျငွေမှာ ကျပ်ငါးဆယ့်လေးသိန်း လေးသောင်းဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

ပုလဲမြို့နယ်၌ နှမ်းစပါးစိုက်ပျိုးရေး ကွင်းဆင်းဆောင်ရွက်

ပုလဲ ဧပြီ ၅

မုံရွာခရိုင် ပုလဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှူး ကော်မတီသည် ၂၀၀၉-၂၀၁၀ ခုနှစ် နွေစပါးလျာထားချက် ဧကပြည့်မီ ကျော်လွန်စွာ စိုက်ပျိုးနိုင်ရေးအတွက် မတ် ၁၉ရက်က မြောက်ယမားဆည်ရေသောက် လက်တံများသို့သွားရောက်၍ ကွင်းဆင်းဆောင်ရွက်သည်။

ဆွေးနွေး

မြို့နယ် ဥက္ကဋ္ဌနှင့်အဖွဲ့သည် မုံကြိုင်း၊ ကုက္ကိုစုနှင့် လက်တောင်းကြီးကျေးရွာများရှိ နွေစပါးစိုက်ပျိုးကြမည့် တောင်သူများနှင့် တွေ့ဆုံ၍ ရာသီအမီစိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန် ကန်ရေးနှင့် လျာထားချက်ပြည့်မီ ကျော်လွန်အောင်စိုက်ပျိုးရေးတို့ကို ဆွေးနွေးကြသည်။

မြို့နယ်ဥက္ကဋ္ဌနှင့်အတူ မြို့နယ်အတွင်းရေးမှူး ဦးဇော်ထွန်းအောင်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးရဲလွင်နှင့် မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးသိန်းထွန်းတို့ လိုက်ပါ၍ နွေစပါးစိုက်တောင်သူများအား ပညာပေး ဆွေးနွေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ရှာင်မြို့နယ်၌ ယဉ်ကျေးမှုသင်တန်းဖွင့်

ရှာင် ဧပြီ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းလျက် နွေရာသီယဉ်ကျေးမှုသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ရက်က အခြေခံပညာအထက်တန်းကျောင်း ပြဒါးလင်းခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားကို သင်တန်းသား သင်တန်းသူလေးများကနမောတသသုံးကြိမ် ရွတ်ဆိုကာ အခမ်းအနား ဖွင့်လှစ်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာရဲ**(အောက်ပုံ)** နှင့် မြို့နယ်ပညာရေးမှူး ဦးသိန်းဇော်ဦး တို့က အမှာစကား ပြောကြားသည်။

လက်ခံယူ

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အိရွှေစင်မောင်မောင်က သင်တန်းသား သင်တန်းသူများအတွက် ဗလာစာအုပ်နှင့် ခဲတံ၊ဘောပင်တို့ကိုပေးအပ် လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

မတ် ၃၁ရက်က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မင်းဘူးမြို့သာယာလှပရေး အတွက် မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကွင်းဆင်းစစ်ဆေးရာ မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ အောင်မြေသာစံ၌လှူဒါန်း

မန္တလေး ဧပြီ ၉

မန္တလေးတိုင်းအတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် ရေဒီယိုနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲကို မတ် ၂၅ရက်က မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်ကွက်ရုံး၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းပပထွန်းသို့ ရေဒီယိုတစ်လုံးနှင့် သုတ၊ ရသ မဂ္ဂဇင်းစာအုပ်စာစောင် စုစုပေါင်းအုပ်ရေ ၁၀၀၀ ကို ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

စာအုပ်စာစောင်လှူဒါန်း

စံ(၅)ချက်နှင့်ညီသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖြစ်ပေါ်စေရေးအတွက် ပြည်မြို့ အမှတ် (၁၃၉၄) အနောက်စောင်းတန်းလမ်း နေအိမ်၌ ဦးသွင်ထူးညွှန့်၏ ဆန္ဒအရ ကျန်ရစ်သူဇနီး ဒေါ်စန်းရီ မိသားစုက ငွေကျပ်တစ်သိန်းငါးသောင်းတန်ဖိုးရှိ စာအုပ်စာစောင်မျိုးစုံ အုပ် ၂၀၀ လှူဒါန်းရာ ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်ညွှန့်နှင့် ပြည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးရွှေဝင်းတို့က လက်ခံယူစဉ်။

(တိုင်း ပြန်/ဆက်)

ကြွပ်ကြွပ်အိတ် အသုံးမပြုရေး တန့်ယန်းမြို့နယ်၌ ပညာပေးဟောပြော

တန့်ယန်း ဧပြီ ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြီးမှူး၍ မြို့နယ်အတွင်း ကြွပ်ကြွပ်အိတ်အသုံးမပြုရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ရက်က မြို့နယ်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခိုင်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်လှိုင်က အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်စိုးက မြို့နယ်အတွင်း ကြွပ်ကြွပ်အိတ် အသုံးမပြုရေးနှင့် လိုက်နာသင့်သည့် အချက်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးဝင်းက ကြွပ်ကြွပ်အိတ်၏ ဆိုးကျိုးများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ***(မြို့နယ် ပြန်/ဆက်)***

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

ပညာအလင်း စာကြည့်တိုက်အဆောက်အအုံသစ် တိုက်ကြီးမြို့နယ် ကြံတကင်းကျေးရွာ၌ ဖွင့်လှစ်

တိုက်ကြီး ဧပြီ ၁၁

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ကြံတကင်းကျေးရွာ၌ ပညာအလင်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ၈ရက်နံနက်၉နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအောင်သီဟ၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့် ရပ်မိရပ်ဖ ဦးဟန်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ထို့နောက် ဗိုလ်မှူးကြီးအောင်သီဟ၊ ရပ်မိရပ်ဖဦးဟန်စိန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်အောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ချစ်ချစ်သန်းတို့က သုတ၊ ရသ စာအုပ်စာစောင်များနှင့် ရေဒီယိုတစ်လုံးတို့ကိုလည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌဦးတင်ဆွေမြင့်က စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ်၅၀၀၀၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးအောင်တင်ခိုင်က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

မအူပင်ခရိုင်ဓနုဖြူမြို့နယ်ကဗွန်းကွင်းကျေးရွာတွင်အလင်းရောင် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၅ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်လှိုင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငွေခင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဌေးလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ထီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော အမှတ်(၁)ရပ်ကွက် မင်္ဂလာကျောင်းတိုက်အဝင် မင်္ဂလာလမ်းထပ်ပိုးကတ္တရာခင်း ဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်လွင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖန်းမော်၌ ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်ညီရေးနှင့် သတ်မှတ်ကာလအပြီးထူထောင်ရေး အလုပ်ရုံဆွေးနွေး

ဖန်းမော် ဧပြီ ၁၁

ဖန်းမော်ခရိုင်နှင့် မြို့နယ်များအတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်ညီရေးနှင့် သတ်မှတ်စီမံချက်ကာလအတွင်း အပြီးထူထောင်ဖွင့်လှစ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၀ရက် နံနက် ၁၀ နာရီက ဖန်းမော်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးစာကြည့်တိုက်ခန်းမ၌ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်ညွှန့်က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေး

ထို့နောက် ဒေါ့ဖုန်းယန်မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ထွန်းက ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိပြီး စာဖတ်ချင်လာအောင်စည်းရုံးဆောင်ရွက်ရန်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မိုးမောက်မြို့နယ် ဦးစီးမှူး ဒေါ်လွန်းနန်းထွေးက ရရှိပြီးစာအုပ်စာစောင်များ မပျောက်ပျက်ရေရှည်တည်တံ့အောင်ထိန်းသိမ်းရန်၊ ငွေပဒေသာပင်စိုက်ထူဆောင်ရွက်ရန်နှင့် စာအုပ်စာစောင်အသစ်များ တိုးပွားလာအောင် စာငှားကတ်စနစ်ချမှတ်ဆောင်ရွက်ရန် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဖန်းမော်မြို့နယ် ဦးစီးမှူး ဒေါ်သီတာအေးက စာကြည့်တိုက်ပိုင်မြေနှင့် အဆောက်အအုံရရှိရေး ဆောင်ရွက်ရန်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရွှေကူမြို့နယ် ဦးစီးမှူး ဦးကျော်စိုးနိုင်က စာကြည့်တိုက်များတွင် ပရိဘောဂများ သင့်တင့်စွာရှိလာအောင်ဆောင်ရွက်ရန် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မန်စီမြို့နယ် ဦးစီးမှူး ဦးနန်ဇေဖုန်ဆန်းက ကျွမ်းကျင်သော စာကြည့်တိုက်မှူးများရရှိရေးစည်းရုံးရန်ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောကြရာ ဦးစီးအရာရှိ ဦးမောင်မောင်ညွှန့်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်ကြီး၌ ယာဉ်စည်းကမ်း အသိပညာပေးဟောပြော

တောင်ကြီး ဧပြီ ၁၀

ရှမ်းပြည်နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီ၏ အသိပညာပေးဟောပြောပွဲကို ဧပြီ၆ရက် ညနေ၄နာရီက တောင်ကြီးမြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီခန်းမ အခြေခံရှမ်းစာပေသင်တန်းကျောင်းတွင်ကျင်းပရာ သင်တန်းသားသင်တန်းသူနှင့် နည်းပြများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ယာဉ်ထိန်းတာဝန်ခံ ဦးတင်စိုးရှိန်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂)ဦးဇော်ကိုကိုဖေတို့က လမ်းအသုံးပြုသူများလိုက်နာရမည့် စည်းကမ်းချက်များ၊ လမ်းညွှန်အမှတ်အသားများနှင့် တောင်အတက်အဆင်းလမ်းများတွင် သတိပြုဆင်ခြင်ရမည့်အချက်များကို ဟောပြောခဲ့သည်။ **(အောက်ပုံ)**

(မြို့နယ် ကညန)

မိုင်းဖြတ် သုတရတနာစာကြည့်တိုက် အဆောက်အအုံဖွင့် မဂ္ဂဇင်းနှင့် ဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်း

မိုင်းဖြတ် ဧပြီ ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် တောညုကျေးရွာ သုတရတနာ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ ရက် နံနက်၁၁နာရီခွဲက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းဇော်ဦး၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းဦးရှဲန်နှင့် ရပ်မိရပ်ဖ ဦးယောင်ုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

လှူဒါန်း

ထို့နောက် မြို့နယ်ဆောက်လုပ်ရေးအင်ဂျင်နီယာ ဦးထွန်းအောင်ကျော်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှရှောင်လှူဒါန်းသော ဂျာနယ်မျိုးစုံ ၃၅စောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်ဦးလှူဒါန်းသော ပြည်သာယာမဂ္ဂဇင်း ၁၅ အုပ်နှင့် ဂျာနယ်၁၀စောင်၊ မြို့နယ်မြေစာရင်းလက်ထောက်ဦးစီးမှူး ဦးကောင်းမြတ်မင်း လှူဒါန်းသော သုတ၊ ရသစာအုပ် ၂၀နှင့် ဒို့ကျေးရွာဂျာနယ်တစ်နှစ်စာကိုလည်းကောင်း၊ ဆက်သွယ်ရေးတာဝန်ခံ ဦးခင်မောင်ဦးက လစဉ်ထုတ်မဂ္ဂဇင်း ၁၂အုပ်နှင့် ဂျာနယ်အစောင် ၂၀ကိုလည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးစိုင်းယွန်းခမ်းနှင့် ရပ်/သံမှ ဦးဇက်လာတူးက မဂ္ဂဇင်းစာအုပ်၃၀ကို လည်းကောင်း၊ ရပ်သံကျွမ်းကျင်(၃) ဒေါ်နန်းကောင်ခမ်းနှင့် အငယ်တန်းစာရေး ဒေါ်ဝင်းမာအေးတို့က မဂ္ဂဇင်းစာအုပ်၂၀နှင့် ဂျာနယ်အစောင် ၂၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတို့က လက်ခံယူကြသည်။

(ခရိုင် ပြန်/ဆက်)

(၈၄) ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဧပြီ ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်) စီမံရေးရာဌာနခွဲမှ စက်မှုကျွမ်းကျင်(၃) ဦးကျော်ဟန် (လူမှုထူးချွန်ပထမဆင့်) **(အပေါ်ပုံ)**သည် ရန်ကုန်ဗဟို အမျိုးသားသွေးလှူဘဏ်တွင် ဖေဖော်ဝါရီ၂၅ရက်က(၈၄)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြို့နယ် သတင်း ထွေတလာ

ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်ညီရေးနှင့် စာငှားကတ်စနစ်ကျင့်သုံးရေး လေရှီး၌ဆွေးနွေး

ခန္တီး ဧပြီ ၄

ခန္တီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမြင့်ကျော်သည် လေရှီးမြို့နယ်ဦးစီးမှူး ဒေါ်လကျော့ရဲနှင့် ဝန်ထမ်းများလိုက်ပါ၍ မတ် ၃ရက် မွန်းလွဲ ၂နာရီက မြို့မစာကြည့်တိုက်နှင့် ရေဒေါင်ကျေးရွာ စာကြည့်တိုက်များသို့ သွားရောက်၍ ကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ရေး၊ ငွေကြေးပါသော စာငှားကတ်စနစ်ကျင့်သုံးရေးတို့ကို ဆွေးနွေးကြသည်။

ဆွေးနွေး

အခမ်းအနားတွင် စာကြည့်တိုက်များမှ ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊စာကြည့်တိုက်ကော်မတီဝင်များနှင့် စာကြည့်တိုက်မှူးများက စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ခိုင်မာရေး

ထို့နောက် လေရှီးမြို့နယ် ဦးစီးမှူး ဒေါ်လကျော့ရဲက လေရှီးမြို့နယ်အတွင်း ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးကိုရှင်းလင်းတင်ပြပြီး မြို့နယ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ၂၀၁၀-၂၀၁၁ခုနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဒေါပုံမြို့နယ် အား/ကာကော်မတီနှင့် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီအားကစား သင်တန်းဆင်းပွဲကို ဧပြီ ၂ရက်က ဒေါပုံမြို့နယ် အထက(၁)၌ကျင်းပရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနိုင်က အမျိုးသမီးအေရိုးဗစ်သင်တန်းသူ ကျောင်းသူလေးများအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

(မြို့နယ် အား/ကာ)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(B)၊ အခန်းအမှတ်(၆၀၈)သည် ယခုလက်ရှိ ဒုတိယဗိုလ်မှူးကြီးလှမင်း အမည်ဖြင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ ဒုတိယဗိုလ်မှူးကြီးလှမင်းထံမှ ဒေါ်ဖြူဖြူသွယ် ၁၂/ရကန(နိုင်)၀၁၇၈၇၉ သို့ တန်ဖိုးသတ်မှတ်ရောင်းချခဲ့ပါသဖြင့် ဒေါ်ဖြူဖြူသွယ်မှ တိုက်ခန်းပိုင်ဆိုင်မှု အမည်ပြောင်းလဲရန်လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာအုပ်ချုပ်ရေးဌာန (ရန်ကုန်)သို့ ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန။

မိုး သတိပြု

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရမည်းသင်းခရိုင်တရားရုံး
၂၀၀၉ ခုနှစ် တရားမဇာရီမှုအမှတ်-၁၁

မန်နေဂျာ **နှင့်** ၁။ ဦးအောင်စီ
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်နွဲ့
ပျော်ဘွယ်မြို့။
တရားနိုင် **တရားရှုံးများ**

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၈၃ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၀ခုနှစ် မေ၄ရက်(၁၃၇၂ခုနှစ် ကဆုန်လပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

၁။ ပျော်ဘွယ်မြို့၊ ရန်အောင်(မြို့မ)ရပ်ကွက်၊ အကွက်အမှတ်(၇၃၈)၊ ဦးပိုင်အမှတ် (၇၃၈)၊ ဧရိယာ ၀ဒသမ၃၂ ဧကရှိမြေ။
၂။ ယင်းမြေပေါ်ရှိ(၄၈×၇၂)ပေ သွပ်မိုး၊ နံကပ်နှစ်ထပ်တိုက်။
၃။ ပျော်ဘွယ်မြို့၊ ရန်အောင် (မြို့မ) ရပ်ကွက်၊ အကွက်အမှတ်(၇၃၈)၊ ဦးပိုင်အမှတ် (၇၄၀)၊ ဧရိယာ ၀ ဒသမ ၂၁ ဧကရှိမြေ။
၄။ ယင်းမြေပေါ်ရှိ (၂၇×၂၇) ပေ သွပ်မိုး၊ လေးလက်မအုတ်ရိုး၊ ဆီစက်၊ စက်ပစ္စည်းအားလုံး။

ကြမ်းခင်းဈေး ကျပ်သိန်း ၁၉၀။
ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မကန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၀ခုနှစ် မတ် ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **အောင်ကြည်သိန်း(တ/၁၅၆၉)**

ဒုတိယခရိုင်တရားသူကြီး၊ ရမည်းသင်းခရိုင်တရားရုံး။

ဗုဒ္ဓါနုဿတိကိုးရက်အဓိဋ္ဌာန်ပွဲ ဓာတ်ကြီးလေးပါးဆွမ်းကပ်လှူပွဲနှင့် ဒုလ္လဘ ၁၀၈ပါး ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲ

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ကျိုက္ကစံ ဆံတော်ရှင်စေတီတော် အရှေ့ဘက် ဗုဒ္ဓဂယာ(သတ္တဌာန) ဗုဒ္ဓခုနစ်ဆူစံပယ်တော်မူရာ သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၌ သတ္တဌာနဗုဒ္ဓါနုဿတိကိုးရက်စခန်းအဓိဋ္ဌာန်ပွဲကြီး၌ ဓာတ်ကြီးလေးပါး ဆွမ်းကပ်လှူပွဲနှင့် ဒုလ္လဘ ၁၀၈ပါး ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲကို ၁၈-၄-၂၀၁၀ရက် (တနင်္ဂနွေနေ့)တွင်ကျင်းပမည်ဖြစ်ရာ ရဟန်း၊ သာမဏေ၊ သီလရှင်လောင်းများစာရင်းပေးသွင်းရန်နှင့် အဓိဋ္ဌာန်ပွဲ၌ ဓာတ်ကြီးလေးပါးဆွမ်းကပ်လှူပွဲကို ၁၈-၄-၂၀၁၀ရက် ညနေ ၅နာရီတွင်ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဆွမ်းတစ်ပွဲ ငွေကျပ် ၅၀၀၀၊ သာသနာပွဲတစ်ပွဲ ငွေကျပ် ၇၀၀၀နှင့် ညနေပိုင်းဖျော်ရည်လှူဒါန်းလိုပါက ငွေကျပ် ၁၀၀၀၀တို့ဖြင့် လှူဒါန်းနိုင်ပါသည်။ **အကျိုးဆောင်အဖွဲ့ ဖုန်း-၅၆၀၇၁၀၊ ၅၆၄၇၄၃။**

ဦးစိုးနိုင် ၁၀/မလမ(နိုင်)၁၄၄၃၄၆ သိစေရန်
သတိပေးကြေညာခြင်း

ဒေါ်ထွယ်ရာက ဦးစိုးနိုင်သိစေရန် အောက်ပါအတိုင်း အသိပေးကြေညာပါသည်။

ဒေါ်ထွယ်ရာ ၁၃/ကခန(နိုင်)၀၇၂၉၂၈ နှင့် ဦးစိုးနိုင်တို့ ချုပ်ဆိုထားကြသော ၉-၆-၂၀၀၇ရက်စွဲပါ "ငါးပုတ်သင်အတွက် ကြိုတင်ငွေလက်ခံထားကြောင်း ဝန်ခံချက်" စာချုပ်အရ ငွေကျပ်သိန်း ၈၀(ကျပ်သိန်းရှစ်ဆယ်တိတိ)ကို ဦးစိုးနိုင်အား ၈-၅-၂၀၀၆ရက်ကပင် ပေးအပ်ခဲ့ကြောင်း ဝန်ခံပြီး ယင်းငွေများကို ဦးစိုးနိုင်မှ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်သဖြင့် စာချုပ်ပါ ကတိပဋိညာဉ်အတိုင်း ပေးအပ်ထားသော ငွေ၏နှစ်ဆဖြစ်သော ငွေကျပ်သိန်း ၁၆၀ (ကျပ်သိန်း တစ်ရာ့ခြောက်ဆယ်တိတိ)ကို ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မပျက်မကွက် အပြေအကျေပေးဆပ်ရန် အသိပေးကြေညာ ပါသည်။

အကယ်၍ မလိုက်နာပျက်ကွက်ပါလျှင် ဒေါ်ထွယ်ရာက ဦးစိုးနိုင်အပေါ် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပြီး ကုန်ကျစရိတ်အဝဝကိုလည်း ဦးစိုးနိုင်ကပင် ကျခံရမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

ဒေါ်ထွယ်ရာ
အမှတ် ၇၈၊ စိန်ပန်းမြိုင်လမ်း၊
(၅၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ပြင်ပသင်တန်းသားများခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေး ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)တွင် အောက်ဖော်ပြပါ ကျွမ်းကျင်လုပ်သား သင်တန်းများကို ရှစ်ပတ်ကြာ ဘာသာရပ်အလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်စေရန်အတွက် ကျွမ်းကျင်သင်တန်းဆရာ အပြည့်အစုံ၊ သင်ထောက်ကူပစ္စည်းအပြည့်အစုံဖြင့် ၂၀၁၀ခုနှစ် မေလအတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းဆင်းအောင်လက်မှတ်ကို ဌာနမှ ပေးအပ်သွားမည်ဖြစ်ပါသည်-

(က) လက်သမားကျွမ်းကျင်မှုအဆင့် (၁)/(၂) သင်တန်းများ (Carpenter Skilled Worker)
(ခ) ပိုက်ဆက်ကျွမ်းကျင်မှုအဆင့်(၁)/(၂) သင်တန်းများ (Pipe Fitter Skilled Worker)
(ဂ) ပန်းရန်ကျွမ်းကျင်မှုအဆင့် (၁)/(၂) သင်တန်းများ (Masonry Skilled Worker)
(ဃ) သံချည်သံကွေးကျွမ်းကျင်မှုအဆင့် (၁)/(၂)သင်တန်းများ (Barbender Skilled Worker)
(င) လျှပ်စစ်ကျွမ်းကျင်မှုအဆင့် (၁)/(၂)သင်တန်းများ (Electrical Skilled Worker)
(စ) သံဂဟေကျွမ်းကျင်မှုအဆင့် (၁)/(၂)သင်တန်းများ (Welder Skilled Worker)

၂။ တက်ရောက်သင်ကြားလိုသူများသည် ယနေ့မှစ၍ လာရောက်စုံစမ်းမေးမြန်း စာရင်းပေးသွင်းနိုင်ကြောင်းနှင့် နယ်မှတက်ရောက်လိုသူများအတွက် နေထိုင်ရေးစီစဉ်ပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ဆက်သွယ်ရမည့် ဖုန်းနံပါတ်များမှာ- ၀၁-၅၆၃၅၄၃၊ ၀၁-၅၆၃၅၄၅
အုပ်ချုပ်ရေးမှူးဆောက်လုပ်ရေးဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)
မြဝတ်ရည်လမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏမြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်ပျဉ်းမနားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ ပေါင်းလောင်း(၂)မြေကွက်၊ ဦးပိုင်အမှတ် ၇၄၉၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ မြေကွက်တည်နေရာအမှတ်၇၄၉၊ ၁၈လမ်း၊ ပေါင်းလောင်း(၂)၊ ရွာကောက်ရပ်၊ နေပြည်တော်ပျဉ်းမနားမြို့နယ်ရှိ ဒေါ်မြမူအမည်ဖြင့်ပိုင်ဆိုင်သော ပါမစ်မြေအား အမည်ဒေါ်ကျော့ကျော့ ၉/ပမန(နိုင်)၀၁၄၇၇၂ အဖအမည် ဦးအုန်းမောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားတင်ပြပြီး မြေကွက်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် မှတ်ပုံတင် စာချုပ်စာတမ်းစုံလင်စွာဖြင့်တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၆-၄-၂၀၁၀ ရက် နောက်ဆုံးထား၍ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။ **ဒေါ်ကျော့ကျော့ ၉/ပမန(နိုင်)၀၁၄၇၇၂**

အမှတ် ၂၁၆၊ ၁၅လမ်း၊ပေါင်းလောင်း(၂)၊
နေပြည်တော်ပျဉ်းမနားမြို့နယ်၊ ဖုန်း-၀၆၇-၂၃၇၈၂။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပသ/၁၄၆၇၉ Kenbo 110ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်စုံထွန်း ၁၄/မမက(နိုင်) ၁၄၂၃၁၉က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ (တိုင်းရုံး)၊ ပုသိမ်မြို့။

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဗိုလ်မှူးကျော်ဆန်းထွန်း၏ မိခင် ဒေါ်မာလာရီ အသက်(၇၇)နှစ်သည် ၁၀-၄-၂၀၁၀ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

၂၀၀၉-၂၀၁၀ ပါရဂူကြိုသင်တန်းသား၊ သင်တန်းသူများ
ပထဝီဝင်ဌာန၊ မန္တလေးတက္ကသိုလ်။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်နန်းခမ်းအောင်(ခ)ဒေါ်မြအေး (သိန်းနီ)
အသက်(၉၆)နှစ်

ဆရာကြီးဦးစိုင်းအောင်ထွန်း (I.F.L ကျောင်းအုပ်ကြီး-ငြိမ်း) -ဆရာမကြီးဒေါ်နန်းနွမ် (အထက-၂၊ လသာကျောင်းအုပ်ကြီး-ငြိမ်း)တို့၏ကျေးဇူးရှင်မိခင်ကြီးသည် ၁၀-၄-၂၀၁၀ရက် (စနေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်ရောက်သီပေါမြို့သူ၊ မြို့သားများ။

ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်အေး (ပြည်) (ရွှေဆိုင်) အသက်(၈၃)နှစ်

သူငယ်ချင်းကိုဝင်းမြင့်၏ဖခင် ဦးမောင်အေးသည် ၉-၄-၂၀၁၀ရက် ညနေ ၄နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ပြည် G.T.I**

၁၉၈၁မှသူငယ်ချင်းများ။



(၁)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

၁၄-၄-၂၀၀၉ ရက်မှ ၁၄-၄-၂၀၁၀ ရက်အထိ
မောင်ကျော်သူရိန် (သားသား)
အသက် (၂၃)နှစ်

သားသားရေ…မိသားစုနဲ့ မမျှော်လင့်ဘဲ ခွဲခွာသွားတာ (၁)နှစ်ပြည့်သွားပြီနော်။ အငယ်ဆုံးမို့ မိဘရဲ့အသည်းပါသား၊ အချိန်တိုင်းမှာပဲ သတိရ၊ တမ်းတ၊ လွမ်းဆွတ်၊ နှမြောနေဆဲပါသား၊ မိသားစုရဲ့ရင်ထဲမှာ ထာဝရရှင်သန်နေတယ်နော် သားသား။ သားကိုရည်စူးပြီး နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ (၁)နှစ်ပြည့်မှာပြုလုပ်ခဲ့သည့် ကုသိုလ်ကောင်းမှုများအားလုံးကို မြင့်မြတ်သော၊ ငြိမ်းချမ်းသောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ— **ချစ်တဲ့သားရေ-အမျှ-အမျှ-အမျှ**

ဘွားဘွား - ဒေါ်အေးချုပ်
ဖေဖေ - ဦးထွန်းဝ
မေမေ - ဒေါ်ရွှေယိမ်း
မမ - မမဍူ
ကိုကို - ဒေါက်တာရန်နိုင်စိုး
ကိုငယ် - ဒေါက်တာကျော်စွာလင်း။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်ပသ/၈၆၃၈၄ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေဝေမွန် ၁၄/မမန(နိုင်) ၁၄၉၁၀၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (တိုင်းရုံး)၊ ပုသိမ်မြို့။**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးချစ်ခင် ၁၃/ကတန(နိုင်) ၀၀၃၉၉၄ ၏ သားဖြစ်သူ စိုင်းထွန်းနွဲ့သည် မိဘ၏ဆိုဆုံးမမှုကို မနာခံပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

ဦးချစ်ခင်-ဒေါ်နန်းခမ်းလွေး
အမှတ် ၄၇၊ ရပ်ကွက် (၁)၊
ကျိုင်းခုံ၊ ကျိုင်းတုံမြို့။

ဟိုပင်မြို့စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော စပေါင်းရုံးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ရက်က အဆိုပါလမ်းထိပ်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခိုင်မင်းကို၊ မြို့မိမြို့ဖ ဦးညီလေးနှင့် မြို့တာဝန်ခံ ဦးသိန်းထူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကြို့ပင်ကောက်၌ ငွေစင်ကြယ်စာကြည့်တိုက်ဖွင့်

ကြို့ပင်ကောက် ဧပြီ ၁၀

သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျွန်းနက်ကုန်းအုပ်စု ရွှေပန်းတောကျေးရွာ ငွေစင်ကြယ် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မတ်၂၇ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် စာကြည့်တိုက်ကို ပဲခူးတိုင်း (အနောက်ပိုင်း) လက်ထောက် ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းဇော်နှင့် ရပ်မိရပ်ဖ ဦးတင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဦးစီးမှူးနှင့် ခရိုင်ဦးစီးအရာရှိတို့က စာအုပ်စာစောင်အုပ် ၁၅၀စီကိုလည်းကောင်း၊ ဆက်သွယ်ရေးစခန်းမှူး ဦးခင်မောင်ဇော်က ရေဒီယိုတစ်လုံးကို လည်းကောင်း၊ စေတနာရှင်များထည့်ဝင်သော အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ရွှေပန်းတောကျေးရွာ ဥက္ကဋ္ဌဦးသောင်းကြည်က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ခြိမ့်ခြိမ့်သဲသဲဆင်ကာနွှဲ နေပြည်တော်သင်္ကြန်ပွဲ

ဓါတ်ပုံလက်ရာ
သတင်းထောက်-လေးနွယ်(မင်္ဂလာဒုံ)

ခါသင်္ကြန်ဆောင်းပါး
မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု
မင်းထွန်း(မြန်မာ့အလင်း)

နေပြည်တော် ဧပြီ ၁၃

ခံ့ထည်ကြီးမားလှသည့် သင်္ကြန်မဏ္ဍပ်ကြီးများ၊ တူညီဝတ်စုံဆင်မြန်းထားသည့် ယိမ်းအကအဖွဲ့များ၊ နိုင်ငံကျော်ပြည်သူချစ် သရုပ်ဆောင်အနုပညာရှင်များ၊ တဖွားဖွား လွင့်ပျံထွက်နေသည့် သင်္ကြန်ရေပက်ပိုက်များ ကိုယ်စီကိုင်ကာ ရေပက်ဖျန်းနေကြသူများ၊ ရေပက်ခံထွက်ကြသူများဖြင့် နေပြည်တော်မဟာသင်္ကြန်အကြိုနေ့ကား ခြိမ့်ခြိမ့်သဲ စည်ကားလေပြီ····။

စာမျက်နှာ ၇ ကော်လံ ၁ ✻

နေပြည်တော် ရာဇသင်္ဂဟလမ်းတစ်လျှောက် ရေပက်မဏ္ဍပ်များနှင့် ရေပက်ခံမော်တော်ယာဉ်များကို ဤသို့ စည်ကားစွာ မြင်တွေ့ရသည်။

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကိုသစ္စာ - ရေးသားသည်

ရေခဲများအတွင်း အချိန်အကြာဆုံး နေထိုင်နိုင်သူ

နယ်သာလန်နိုင်ငံသား ဝမ်ဟော့ဖ် အမည်ရှိ အမျိုးသားတစ်ဦးသည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဧပြီ ၃ရက်က ရေခဲများဖြင့် ခန္ဓာကိုယ်ဖုံးအုပ်ကာ အချိန်ကြာမြင့်စွာနေပြခဲ့သည်။

ကြာမြင့်

ဝမ်ဟော့ဖ်သည် မျက်နှာပြင်သာဖော်ထားပြီး ရေခဲများအတွင်း ၁ နာရီ ၄၂ မိနစ် ၂၂ စက္ကန့် ကြာမြင့်ခဲ့သည်။ ထိုသို့ရေခဲများဖုံးလွှမ်းထားစဉ် ခန္ဓာကိုယ်အတွင်း အပူခာတ်ကို တိုင်းကြည့်ခဲ့ရာ ပုံမှန်အပူခာတ်ပင် ရှိနေကြောင်း တွေ့ရှိရသည်။

မှတ်တမ်း

မစ္စတာ ဝမ်ဟော့ဖ်သည် ရေခဲများအတွင်း အချိန်ကြာမြင့်စွာ နေထိုင်နိုင်ပြီး ခန္ဓာကိုယ်အပူချိန် ပုံမှန်အတိုင်းရှိနေသူအဖြစ် မှတ်တမ်းတင်ခြင်း ခံရသည်။ ။

(အင်တာနက်)

ထူးခြားသည့် နေ့အပူချိန် ၁၃-၄-၂၀၁၀

➢	မင်းဘူးမြို့	၄၅ ဒသမ ၁ ဒီဂရီစင်တီဂရိတ်
➢	ချောက်မြို့	၄၅ ဒီဂရီစင်တီဂရိတ်
➢	မကွေးမြို့	၄၅ ဒီဂရီစင်တီဂရိတ်
➢	ညောင်ဦးမြို့	၄၄ ဒီဂရီစင်တီဂရိတ်